# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက် | ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ် (၁၃၃)


### ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၁ (MICC-1) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အဖွင့်အမှာစကားပြောကြားပြီး ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုစိစစ်အကဲဖြတ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ စာပေနှင့် သတင်းနယ်ပယ်များမှ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတ နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရ အကယ်ဒမီ ဒါရိုက်တာ မောင်နှင်းမိုး အား ဆုပေးအပ်ချီးမြှင့်စဉ်။


**ယနေ့ ဖတ်စရာ**

**၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိခဲ့ကြသည့် အနုပညာရှင်၊ အတတ်ပညာရှင်များ၏ ဝမ်းသာပီတိစကားသံများ** — တွေ့ဆုံမေးမြန်း — စာ ၁၀

**ကြီးပွားရာကြီးပွားကြောင်း အခွင့်အလမ်းကောင်းတွေပါဗျို့** — ဆောင်းပါး — စာ ၁၂

**စည်းလုံးညီညွတ်သောအားမာန်များဖြင့် သမိုင်းမှတ်တမ်းကောင်းများ ရေးထိုးကြပါစို့** — ဆောင်းပါး — စာ ၁၆

## မြန်မာ့အလင်း

# ရုပ်ရှင်သည် ပြည်သူ့အတွက်

၁၉၂၀ ပြည့်နှစ်တွင် ရိုက်ကူးထုတ်လုပ်မှု စတင်ခဲ့သည့် မြန်မာ့ရုပ်ရှင်မှာ နှစ်ပေါင်း ၁၀၀ ကျော်၍ ၁၀၅ နှစ်သို့ရောက်ရှိခဲ့ပြီဖြစ်ရာ ငွေရတု၊ ရွှေရတု၊ စိန်ရတု၊ ရာပြည့်ခေတ်အဆက်ဆက်ကို ဖြတ်သန်း၍ ရာပြည့်လွန်ခေတ်သို့ တိုင်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ၁၉၂၀ ပြည့်နှစ် မတိုင်မီကပင် ရုပ်ရှင်ကုမ္ပဏီအချို့ရှိခဲ့ကြောင်း အထောက်အထားအချို့ရှိခဲ့ရာ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများကို ပြည်တွင်းသို့ တင်သွင်းပြသသည့် ကုမ္ပဏီများဖြစ်ဖွယ်ရှိသည်။ မြန်မာ့ရုပ်ရှင်၏ နိဒါန်းအစမှာ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအားမာန်၊ တီထွင်ကြံဆမှုတို့နှင့် စတင်ခဲ့ခြင်းဖြစ်သည်။

စာပေ၊ ဂီတ၊ သရုပ်ဆောင်၊ ရိုက်ကူးမှုအနုပညာများနှင့် အတတ်ပညာ၊ နည်းပညာတို့ ပေါင်းစပ်ပါဝင်နေသည့် ရုပ်ရှင်သည် ရာစုနှစ်နှင့်ချီ၍ ကမ္ဘာမှာရော မြန်မာ၌ပါ ဆက်လက်ရှင်သန်လျက်ရှိသည်။ အဖြူ အမည်း၊ အသံတိတ်ခေတ်မှသည် ဒစ်ဂျစ်တယ်ခေတ်သို့ ပြောင်းလဲလာသည့် ရုပ်ရှင်သည် ဩဇာလွှမ်းမိုးမှုကြီးမားသည့် မီဒီယာတစ်ခု ဖြစ်သည့်အလျောက် စီးပွားရေးလုပ်ငန်း သက်သက်မျှသာမကဘဲ soft power တစ်ခုအဖြစ်ပါ ရပ်တည်နေခြင်းဖြစ်သည်။ ရုပ်ရှင်ကိုပါဝါအပျော့တစ်ခုအဖြစ် ကမ္ဘာ့အင်အားကြီးနိုင်ငံများက အသုံးချခဲ့ကြရာ အတိတ်ကာလက ဟောလိဝုဒ်ရုပ်ရှင်များ ကမ္ဘာကို လွှမ်းမိုးခဲ့ရာမှ မျက်မှောက်ကာလတွင်မူ အိန္ဒိယ၊ တရုတ်၊ ကိုရီးယားစသည့်အာရှမှ ရုပ်ရှင်များပါ ကမ္ဘာကို ထိုးဖောက်လာကြသည်။ ခံစားမှုအရာတွင် လူသားတိုင်း တူညီကြသည့်အလျောက် အနုပညာရသမြောက်သည့် ရုပ်ရှင်ဇာတ်ကားများသည် ဘာသာစကားနှင့် ယဉ်ကျေးမှုနယ်နိမိတ်များကို ကျော်လွန်ပြီး ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့နိုင်စွမ်းရှိကြသည်။

မိမိတို့နှင့် အိမ်နီးချင်းနိုင်ငံဖြစ်ပြီး လူဦးရေသန်းပေါင်းထောင်ချီရှိသည့် အိန္ဒိယနိုင်ငံသည် ရုပ်ရှင်ထုတ်လုပ်မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် အိန္ဒိယနိုင်ငံ၏ လူမှုအသိုက်အဝန်းအတွင်း လူမှုပြုပြင်ပြောင်းလဲရေး ပညာပေးမှုများကိုပါ ရုပ်ရှင်ဇာတ်ကားများဖြင့် အသိပညာပေးခဲ့သည်ကို တွေ့ရှိနိုင်သည်။ အမျိုးသမီးများ ဘဝလုံခြုံရေး၊ မတူကွဲပြားသည့် ကိုးကွယ်ရာဘာသာများအကြား ချစ်ခင်ရင်းနှီးစွာ နေထိုင်ရေး၊ သန့်ရှင်းသည့် ယင်လုံအိမ်သာသုံးစွဲရေး၊ အမျိုးသမီးများ တစ်ကိုယ်ရေကျန်းမာသန့်ရှင်းရေး၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေရေး၊ အဂတိလိုက်စားမှု ဆန့်ကျင်တိုက်ဖျက်ရေး စသည့်စုံလင်လှသော အကြောင်းအရာများကို အနုပညာမြောက်ရိုက်ကူးပြသခဲ့ရာ ယင်းဇာတ်ကားများမှာ ပြည်ပဈေးကွက်တွင်လည်း အောင်မြင်မှုများ ရရှိခဲ့သည်ကို တွေ့ရသည်။

မိမိတို့နိုင်ငံသည် သာယာလှပသော ရေမြေတောတောင်သဘာဝများ၊ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်တို့၏ မတူကွဲပြားသည့် ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ဝတ်စားဆင်ယင်ပုံများနှင့် စရိုက်လက္ခဏာတို့မှာ ရုပ်ရှင်အနုပညာဖန်တီးမှုများအတွက် မကုန်ခန်းနိုင်သော ကုန်ကြမ်းများပင်ဖြစ်သည်။ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတစ်ဝန်းလုံးတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒအမှန်ပင်ဖြစ်ပြီး ညီရင်းအစ်ကိုမောင်ရင်းနှမသဖွယ် ချစ်ခင်ရင်းနှီးစွာ အတူတကွ နေထိုင်လိုသည့်ဆန္ဒမှာ တောင်ပေါ်မြေပြန့်ဒေသသားအားလုံးတို့၏ရင်တွင်းမှ ဆန္ဒအမှန်ဖြစ်သည်။ သို့ရာတွင် ဇာတ်လမ်းတစ်ခုတွင် ဗီလိန်လူဆိုးရှိသကဲ့သို့ပင် ဤရေ၊ ဤမြေ၊ ဤပြည်ထောင်စုကြီး၌ အတူနေတိုင်းရင်းသားများအတွင်း အချင်းချင်းသံသယဝင်အောင်၊ သွေးကွဲအောင်၊ မုန်းတီးမှုများဖြစ်လာအောင် သွေးခွဲရန်တိုက်မှုများ၊ မြှောက်ပင့်သွေးထိုးမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများကို ပြည်တွင်းပြည်ပဗီလိန်တို့က ပြုလုပ်လျက်ရှိကြရာ မြန်မာ့ရုပ်ရှင် လောကသားအားလုံးတို့က ရုပ်ရှင်အနုပညာဖြင့် ပြည်ထောင်စုကြီးမပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲအောင် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ကြရမည်ဖြစ်သည်။

မြန်မာ့ရုပ်ရှင်လောကကိုကြည့်လျှင် ပြည်ထောင်စုဖွားတိုင်းရင်းသားများ၊ အမိမြန်မာနိုင်ငံတော်ကြီးတွင် မွေးဖွားကြီးပြင်းလာကြသူများ၊ လူမျိုး၊ ကိုးကွယ်ရာဘာသာမတူညီကြသူများ အားလုံးပါဝင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ရုပ်ရှင်သည် လူ့အဖွဲ့အစည်းအပေါ် လွှမ်းမိုးနိုင်သော ဩဇာကြီးမားသည့်အလျောက် ရုပ်ရှင်လောကသားအားလုံးတို့အနေဖြင့်လည်း မိမိတို့၏အနုပညာ၊ အတတ်ပညာများကို ဆင်ခြင်တုံတရားပြည့်ဝစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးအတွက် အလုပ်အကျွေးပြုကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှု လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




**၉ - ၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅၄၈၀၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**ပြည်ထောင်စုဖွား**
**တိုင်းရင်းသားတို့**
**သွေးစည်းညီညီ တွဲလက်ညီမှ**
**ဒို့ပြည်ထောင်စု ခိုင်မြဲမည်**


မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


MYANMAR Digital News Presented by NPE www.mdn.gov.mm

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၉

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar အား လက်ခံတွေ့ဆုံစဉ်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေနှင့် ဦးတင်ဦးလွင်တို့ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာတွင် ငြိမ်းချမ်းရေး ရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့် ပုဂ္ဂိုလ်ကြီးအနေဖြင့် ယခုကဲ့သို့ မြန်မာနိုင်ငံသို့ ကိုယ်တိုင်လာရောက်ခဲ့မှုအတွက် ဝမ်းမြောက်ကြိုဆိုပါကြောင်း နှုတ်ခွန်းဆက်စကားပြောကြားပြီး အိန္ဒိယနိုင်ငံမှ လူသားချင်း စာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီးက မြန်မာနိုင်ငံသို့လာရောက်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ယခုကဲ့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုအတွက်လည်း ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar တို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ယင်းနောက် မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးချိန်မှ စတင်၍ ယနေ့အချိန်အထိ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ လွတ်လပ်ရေးရရှိပြီးချိန်မှစတင်၍ ပြည်ပမှသွေးခွဲမှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်ခဲ့မှုနှင့် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းများကို ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ၂၀၁၁ ခုနှစ်မှစတင်၍ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခဲ့မှုနှင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ နိုင်ငံရေးသဘောထား ကွဲလွဲမှုများကြောင့် ဖြစ်ပေါ်လာသည့် ဆူပူမှုများမှတစ်ဆင့် အကြမ်းဖက်လုပ်ရပ်များ ပေါ်ပေါက်လာမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီးအနေဖြင့် ကမ္ဘာပေါ်ရှိ နိုင်ငံများ၌ ငြိမ်းချမ်းရေးရရှိရန်အတွက် ကြားဝင်စေ့စပ် ကူညီဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်မှု အခြေအနေများနှင့် မြန်မာနိုင်ငံအတွင်း လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**❒ အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီးအနေဖြင့် ကမ္ဘာပေါ်ရှိ နိုင်ငံများ၌ ငြိမ်းချမ်းရေးရရှိရန်အတွက် ကြားဝင်စေ့စပ်ကူညီဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အိန္ဒိယနိုင်ငံမှ လူသားချင်း စာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေး သံတမန်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဂုဏ်ထူးဆောင်ခန်းမအတွင်းရှိ သရုပ်ဖော်ပန်းချီများအား လိုက်လံပြသခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဂုဏ်ထူးဆောင်ခန်းမအတွင်းရှိ သရုပ်ဖော်ပန်းချီများအား လိုက်လံပြသစဉ်။

*❖ ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားကျင်းပမည့် ကျောက်စိမ်းခန်းမအဝင် လျှောက်လမ်း၌ပြသထားသည့် ၁၉၅၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိခဲ့ကြသူများနှင့် ရုပ်ရှင်ဇာတ်ကားများ၊ ထူးချွန်ဆုရ အနုပညာရှင်များ၊ အတတ်ပညာရှင်များ၏ မှတ်တမ်းဓာတ်ပုံများ ပြသထားရှိမှုကို ကြည့်ရှုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**အခမ်းအနားကို ဖွင့်လှစ်ပေး**

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒစ်ဂျစ်တယ်စက်ခလုတ်ခုံပေါ်တွင် အကယ်ဒမီကြယ်စင်ရုပ်ကို စိုက်ထူ၍ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "တိုးတက်အောင်မြင် မြန်မာ့ရုပ်ရှင်" တေးသီချင်းကို သရုပ်ဖော် ဖျော်ဖြေတင်ဆက်ကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က ဂုဏ်ပြုစီစဉ်တင်ဆက်သည့် "ကြည်လင် သန့်စင် စီးမျော သက်ဝင် မြန်မာ့ရုပ်ရှင်" မှတ်တမ်း Video Clip ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ၁၉၅၂ ခုနှစ်မှ စတင်ချီးမြှင့်လာခဲ့သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားများသည် ယနေ့ဆိုပါက (၆၆)ကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့် အနုပညာရှင်များ၏ စုစည်းမှု၊ အေးချမ်းပျော်ရွှင်မှုများကို (၆၆)ကြိမ်မြောက် ဝေမျှဖော်ကျူးပေးနိုင်သည့် မင်္ဂလာအခမ်းအနားပင်ဖြစ်ကြောင်း၊ မြန်မာ့ရုပ်ရှင်ခေတ်ဦးကိုပြန်ကြည့်ပါက ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်လမ်းကိုယ်ဖောက်၊ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ပြီး အောင်မြင်တိုးတက်ခဲ့သည့် ဂုဏ်ယူဖွယ် သမိုင်းအထောက်အထားများနှင့် ဖြတ်သန်းလာခဲ့သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ၁၉၂၀ ပြည့်နှစ် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလကတည်းက ပေါ်ပေါက်ခဲ့သည့် မြန်မာ့ရုပ်ရှင်သမိုင်းသည် ယခုဆိုပါက နှစ်ပေါင်း (၁၀၅) နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း။

**နိုင်ငံနှင့်ပြည်သူအပေါ် တာဝန်ကျေခဲ့**

ထိုကဲ့သို့ နှစ်(၁၀၀)ကျော်ကာလ သမိုင်းမှတ်တမ်းများနှင့် လှုပ်ရှားသက်ဝင်နေသည့် မြန်မာ့ရုပ်ရှင်သည် ခေတ်စနစ်အမျိုးမျိုးကြား၌ ပြည်သူများကို အပန်းဖြေပျော်ရွှင်စေပြီး ရသမျိုးစုံကို မျှဝေပေးနိုင်ခဲ့ရုံသာမက နိုင်ငံတော်၏အရေးပါသည့် အခန်းကဏ္ဍများ၊ နိုင်ငံ၏ ပကတိအခြေအနေများကို အနုပညာဖြင့် ထင်ဟပ်ဖော်ပြ အကျိုးပြုနိုင်ခဲ့သည့်အတွက် နိုင်ငံနှင့်ပြည်သူအပေါ် တာဝန်ကျေခဲ့သည်ဟု ပြောရမည်ဖြစ်ကြောင်း။

**❐ နှစ်(၁၀၀)ကျော်ကာလ သမိုင်းမှတ်တမ်းများနှင့် လှုပ်ရှားသက်ဝင်နေသည့် မြန်မာ့ရုပ်ရှင်သည် ခေတ်စနစ်အမျိုးမျိုးကြား၌ ပြည်သူများကို အပန်းဖြေပျော်ရွှင်စေပြီး ရသမျိုးစုံကိုမျှဝေပေးနိုင်ခဲ့ရုံသာမက နိုင်ငံတော်၏ အရေးပါသည့် အခန်းကဏ္ဍများ၊ နိုင်ငံ၏ ပကတိအခြေအနေများကို အနုပညာဖြင့် ထင်ဟပ်ဖော်ပြ အကျိုးပြုနိုင်ခဲ့သည့်အတွက် နိုင်ငံနှင့် ပြည်သူအပေါ် တာဝန်ကျေခဲ့သည်ဟု ပြောရမည်ဖြစ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒစ်ဂျစ်တယ်စက်ခလုတ်ခုံပေါ်တွင် အကယ်ဒမီကြယ်စင်ရုပ်ကိုစိုက်ထူ၍ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။

**အနုပညာစွမ်းအားဖြင့် ဆက်လက်ကြိုးပမ်း**

ရုပ်ရှင်အပါအဝင် အနုပညာရှင်များသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် တိုင်းရင်းသားပြည်သူများ၏ စိတ်ဓာတ်ကို တိုင်းချစ်ပြည်ချစ်စိတ်ထက်သန်ရေး၊ ဝံသာနုရက္ခိတတရား ထွန်းကားရေး၊ ဇာတိသွေး ဇာတိမာန်တက်ကြွရေးနှင့် စည်းလုံးညီညွတ်ရေးတို့အတွက် မိမိတို့တတ်စွမ်းထား သည့် အနုပညာနှင့် စည်းရုံးလှုံ့ဆော်ပေးခဲ့ကြကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ကာလတွင်လည်း ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အနုပညာစွမ်းအားဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြကြောင်း။

ယင်းတို့သည် နိုင်ငံအတွက် အကျိုးပြုခဲ့သည့် သမိုင်းအစဉ်အလာကောင်း မှတ်တမ်းမော်ကွန်းများပင်ဖြစ်ကြောင်း၊ ယနေ့အခြေအနေတွင် ထိုကဲ့သို့ အကျိုးပြုခဲ့သည့် အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကျောက်စိမ်းခန်းမအဝင် လျှောက်လမ်း၌ ပြသထားသည့် ၁၉၅၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိခဲ့ကြသူများနှင့် ရုပ်ရှင်ဇာတ်ကားများ၊ ထူးချွန်ဆုရ အနုပညာရှင်များ၊ အတတ်ပညာရှင်များ၏ မှတ်တမ်းဓာတ်ပုံများ ပြသထားရှိမှုကို ကြည့်ရှုစဉ်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေမည့် အကြောင်းတရားများအနက် ယဉ်ကျေးမှုကဏ္ဍသည် အရေးကြီးသည့်ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း (၁၀၀)ကျော် မှီတင်းနေထိုင်ကြပြီး

*စာမျက်နှာ ၅ သို့*

- ❊ **ရုပ်ရှင်အပါအဝင် အနုပညာရှင်များသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် တိုင်းရင်းသားပြည်သူများ၏စိတ်ဓာတ်ကို တိုင်းချစ်ပြည်ချစ်စိတ် ထက်သန်ရေး၊ ဝံသာနုရက္ခိတတရား ထွန်းကားရေး၊ ဇာတိသွေး ဇာတိမာန်တက်ကြွရေးနှင့် စည်းလုံးညီညွတ်ရေးတို့အတွက် မိမိတို့တတ်စွမ်းထားသည့် အနုပညာနှင့် စည်းရုံးလှုံ့ဆော်ပေးခဲ့ကြ**
- ❊ **လွတ်လပ်ရေးရပြီးနောက် ကာလတွင်လည်း ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အနုပညာစွမ်းအားဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ခဲ့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရ မင်းသားကြီး ဦးကြည်စိုး အား ဆုပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ မှ*

မတူကွဲပြားသည့် ယဉ်ကျေးမှုအမွေအနှစ်စုံစုံလင်လင် ရှင်သန်တည်ရှိနေကြကြောင်း၊ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်ဟူသည့် နယ်ပယ်နှစ်ခုနှင့် ခွဲခြားသိမြင်ထားကြကြောင်း၊ ခြုံ၍အဓိပ္ပာယ်ဖွင့်ရမည်ဆိုပါက ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဟူသည်မှာ လူမျိုးတစ်မျိုး၏ ပြောဆိုသည့်ဘာသာစကား၊ အတွေးအခေါ်၊ ဓလေ့စရိုက်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ကိုးကွယ်ယုံကြည်မှုနှင့် ရိုးရာဓလေ့ထုံးစံများ၊ လက်မှုအနုပညာနှင့် အနုသုခုမပညာများကို ပေါင်းခြုံထားသည့် ယဉ်ကျေးမှုပင်ဖြစ်ပြီး ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်သည် လူမျိုးတစ်မျိုး၏ ပြုလုပ်သုံးစွဲခဲ့သည့် ကိုင်တွယ်ထိတွေ့၍ရသည့် ပစ္စည်းအားလုံးဟု မှတ်ယူရမည်ဖြစ်ကြောင်း။

**စဉ်ဆက်မပြတ်ကြိုးပမ်းလုပ်ဆောင်ရမည်**

(၁၉)ကြိမ်မြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် မိမိတို့နိုင်ငံ၏ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံခဲ့ရကြောင်း၊ ဆက်လက်၍လည်း မြန်မာ့သနပ်ခါးကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခံရနိုင်ရေးအတွက် ယူနက်စကိုကိုတင်ပြရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိတို့၏ တန်ဖိုးရှိသည့် ရှိပြီးသား အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို လူသားအားလုံးနှင့် သက်ဆိုင်သည့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် သမိုင်းမှတ်တမ်းထားရှိနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ အောင်မြင်မှုရရှိစေရေးအတွက်လည်း မြန်မာနိုင်ငံသူ/ နိုင်ငံသားအားလုံးက ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ပေးကြရန် အလေးအနက်တိုက်တွန်းပြောကြားလိုကြောင်း။

**မီဒီယာ Soft Power တစ်ခုဖြစ်**

တစ်ဆက်တည်းပြောကြားလိုသည်မှာ အနုပညာတစ်ရပ်က ဆင့်ပွားပေးလိုက်သည့် အကြောင်းတရားများသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုးကို ပြသရာရောက်သည့်အတွက် ရုပ်ရှင်အနုပညာသည် အင်မတန်အရေးပါ အရာရောက်ကြောင်း၊ အနုပညာ၊ အတတ်ပညာနှင့် နည်းပညာများပေါင်းစပ်ပါဝင်နေသည့် ရုပ်ရှင်သည် ပြည်သူလူထု၏ ရင်ထဲနှလုံးသားထဲကို ညင်ညင်သာသာနှင့် ထိထိရောက်ရောက် ဩဇာလွှမ်းမိုးနိုင်သည့် သက်ရောက်မှုကြီးမားသည့် မီဒီယာ Soft Power တစ်ခုဖြစ်ကြောင်း။

**အနုပညာစွမ်းပကားဖြင့် ဆောင်ရွက်**

ထို့ကြောင့် ရုပ်ရှင်အနုပညာနှင့် အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ရုပ်ရှင်ထုတ်လုပ်သူများ၊ အတတ်ပညာရှင်များ၊ သရုပ်ဆောင်များအားလုံး၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးပါသည်ဟု ပြောကြားလိုကြောင်း၊ ရုပ်ရှင်ဇာတ်ကားကောင်းတစ်ခု ဖြစ်ပေါ်လာရေးသည် တစ်ဦးတစ်ယောက်တည်း၏ လုပ်ဆောင်မှုဖြင့်မရကြောင်း၊ ဇာတ်ပို့၊ ဇာတ်ဆောင်၊ သရုပ်ဆောင်အမျိုးမျိုး၊ ဝတ္ထု၊ ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ အသံ၊ ဓာတ်ပုံ၊ တေးဂီတ၊ မီးအလင်းအမှောင်၊ အထူးပြုလုပ်သူ၊ မိတ်ကပ်ကအစ နောက်ဆုံးဒါရိုက်တာ၏ အဓိကဦးဆောင်မှုဖြင့် စုပေါင်းညီညာမှသာ ဖြစ်လာခြင်းဖြစ်ပြီး စုပေါင်းအားကို ပေါ်လွင်နေကြောင်း၊ တစ်ဦးချင်း မည်မျှကောင်းသည်ဖြစ်စေ စုပေါင်းအားမပါပါက ဇာတ်ကားကောင်းတစ်ခု ဖြစ်မလာနိုင်ကြောင်း၊ ရုပ်ရှင်ဇာတ်ကားကောင်းတစ်ခုသည် ကြည့်ရှုသူကို ရင်ထဲစွဲကျန်စေသည်၊ ရိုက်ခတ်စေသည်၊ တသသဖြစ်စေသည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် မိမိတို့ခေတ်ကာလတွင် ပြသခဲ့သည့် ဘယ်သူပြိုင်လို့ လှပါတော့နိုင်၊ မုံရွေးရည်၊ သင်္ကြန်မိုး တို့ကဲ့သို့ ဇာတ်ကားမျိုးသည် မည်သည့် အချိန်ပြန်ကြည့်ရသည်ဖြစ်စေ မရိုးနိုင်အောင် စွဲမြဲနေသည့် ဇာတ်ကားမျိုး၊ အတုယူဖွယ်ရာဇာတ်ကားမျိုး၊ တသသဖြစ်နေရသည့် ဇာတ်ကားမျိုးများဖြစ်ကြောင်း၊ အခြားဇာတ်ကားကောင်းများစွာလည်း ရှိကြကြောင်း၊ ထိုကဲ့သို့ ပြည်သူ့ရင်ထဲ စွဲမြဲပြီး အကျိုးပြုစေမည့် ဇာတ်ကားမျိုး ဖန်တီးပေးကြစေလိုကြောင်း၊ မိမိတို့နိုင်ငံနှင့် လူမျိုးကို နိုင်ငံတကာက ပိုမိုသိရှိလာအောင်၊ ရင်းနှီးခင်မင်လာအောင်၊ အနုပညာနည်းလမ်းနှင့် ဖြန့်ဝေပေးနိုင်အောင်၊ နိုင်ငံတော်တည်ဆောက်ရေးတွင်လည်း ပြည်သူလူထု၏ အတွေးအခေါ်၊ အယူအဆများ မှန်ကန်လာစေရေးနှင့် နိုင်ငံအကျိုးအတွက် ပြည်သူတစ်ရပ်လုံးပါဝင်လာအောင် နှိုးဆော်တိုက်တွန်းရာတွင် ထိရောက်သည့် အနုပညာစွမ်းပကားဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်း။

**ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိ**

အားလုံးသိကြသည့်အတိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးကိုရှေးရှုပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိကြောင်း။

ကမ္ဘာကြီး၏ မျက်မှောက်အခြေအနေအရဖြစ်စေ၊ မိမိတို့နိုင်ငံ၏ ပကတိအခြေအနေအရဖြစ်စေ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် **ဒို့တာဝန်အရေးသုံးပါးသည်** အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည်ကို နိုင်ငံသားအားလုံးက နားလည်လက်ခံကြရန် အထူးပင်လိုအပ်ကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို အရင်းမူလထားပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည့်အတွက် မြန်မာနိုင်ငံသားအားလုံးက မြန်မာစိတ်မွေးပြီး **"ငါတို့အားလုံးက မြန်မာ (We are Myanmar)"** ဟူသည့် စိတ်၊ တစ်သွေးတစ်သားတည်း ဟူသည့် စည်းလုံးညီညွတ်သည့် အမျိုးသားရေးစိတ်ဓာတ်များဖြင့် နိုင်ငံတော်ကြီးအေးချမ်းသာယာစေရန်နှင့်

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရ ထပ်ဆင့်အကယ်ဒမီ ဝါဝါဝင်းရွှေ အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရ ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု အား ဆုပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ ဖျော်ဖြေတင်ဆက်သည့် "တိုးတက်အောင်မြင် မြန်မာ့ရုပ်ရှင်" တေးသီချင်းသရုပ်ဖော်မှုကို ကြည့်ရှုအားပေးစဉ်။



အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုရ ကောင်းဇံ အကယ်ဒမီရွှေစင်ရုပ်တု လက်ခံရယူစဉ်။



အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုရ အကယ်ဒမီ မိရာမိုရ် အကယ်ဒမီ ရွှေစင်ရုပ်တု လက်ခံရယူစဉ်။



အကောင်းဆုံး ရုပ်ရှင်အသံဆုရ အောင်မျိုးမြတ်နှင့် ရဲဝင်း အကယ်ဒမီ ရွှေစင်ရုပ်တု လက်ခံရယူစဉ်။



အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆုရ အာကာကျော် အကယ်ဒမီ ရွှေစင်ရုပ်တု လက်ခံရယူစဉ်။



အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆုရ အေးသီရိကို အကယ်ဒမီ ရွှေစင်ရုပ်တု လက်ခံရယူစဉ်။



အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုရ Taurus V production အကယ်ဒမီရွှေစင်ရုပ်တု လက်ခံရယူစဉ်။

*စာမျက်နှာ ၅ မှ*

ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ လက်တွဲ အကောင်အထည်ဖော်ပေးကြရန် လိုအပ်ကြောင်း။

ယင်းနေရာတွင် သတိပြုရမည့်အချက်အနေဖြင့် ဘာသာရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် စည်းလုံးညီညွတ်မှုပျက်ပြားစေပြီး လူငယ်လူရွယ်များကို အတွေးအခေါ်အယူအဆမှားယွင်းအောင်၊ စိတ်ဓာတ်များ ဆုတ်ယုတ်ပျက်ပြားလာအောင် လူမှုကွန်ရက်များနှင့် ကျင့်ဝတ်မဲ့မီဒီယာများကတစ်ဆင့် လုပ်ဆောင်နေမှုများပင်ဖြစ်ကြောင်း၊ ယင်းတို့သည် နိုင်ငံအကျိုးပျက်စီးစေမည့် ကြံဆောင်မှုများဖြစ်သဖြင့် လျော့နည်းပပျောက်အောင် ကာကွယ်စောင့်ရှောက်ကြရန် လိုအပ်ကြောင်း၊ ရုပ်ရှင်သည် ပြည်သူ့အတွက်ဆိုသည့်အတိုင်း ရုပ်ရှင်အနုပညာရှင်များကလည်း နိုင်ငံနှင့်လူမျိုး ကောင်းရာကောင်းကျိုး ဖော်ဆောင်နိုင်မည့် နိုင်ငံ့အကျိုးပြု အနုပညာဖန်တီးမှုများကို ဖော်ဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်အတွက် အရေးကြီးသောကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်သည့် MSME ကဏ္ဍ တိုးတက်အောင် တိုက်တွန်းအားပေးအကောင်အထည်ဖော်လျက်ရှိကြောင်း၊ တိုင်းပြည်သာယာဝပြောစေရေး မြေကြီးကရွှေသီးအောင် လုပ်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများကိုလည်း အားပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့အလုပ်လုပ်မှ မြေကြီးက ရွှေသီးမည်ဖြစ်ကြောင်း၊ လတ်တလောဥ္စပင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများကို နေပြည်တော်၊ တပေါင်းကွင်းတွင် ယခုလ ၁၀ ရက်မှ ၁၄ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရည်မှန်းချက်များအောင်မြင်စေရေး အနုပညာရှင်များ၏ ပူးပေါင်းပါဝင်မှုအခန်းကဏ္ဍက ပိုမိုထိရောက်စေနိုင်သည်ဖြစ်သဖြင့် အနုပညာနယ်ပယ်အသီးသီးက တစ်ဖက်တစ်လမ်းက ပေါင်းစပ်ပံ့ပိုး ကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ထူးချွန်သည့်အနုပညာရှင်လူငယ်များ ပေါ်ထွန်းလာခြင်းကိုလည်း ကြိုဆိုကြောင်း၊ လူငယ်များသည် အနာဂတ်အတွက်ဖြစ်ကြောင်း။

မိမိအနေဖြင့် နှစ်စဉ် တိုက်တွန်းပြောကြားခဲ့သည့် စကားတစ်ခွန်းကို ယခုနှစ်တွင်လည်း ပြန်လည်တိုက်တွန်းပြောကြားလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် စသည့်နယ်ပယ်ကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် ကူညီပံ့ပိုးမှုများကို တတ်နိုင်သမျှ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း၊ ဆက်လက်၍လည်း အားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယခုနှစ်အတွက် ထူးချွန်ဆုရရှိသည့် အနုပညာရှင်များအနေဖြင့် အနုပညာလုပ်ငန်းများကို ဆက်လက်အောင်မြင်တိုးတက်စေရေးအတွက် အင်အားများ ပိုမိုရရှိစေပြီး မိမိတို့၏အနုပညာအလုပ်များကို ပိုမိုအားထုတ်ကြိုးပမ်းသွားကြမည်ဟု ယုံကြည်မျှော်လင့်ကြောင်း။

အလားတူ ထူးချွန်ဆုမရရှိသေးသည့် အနုပညာရှင်များအနေဖြင့်လည်း လာမည့်နှစ်ကာလများတွင်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

မိမိတို့၏ အနုပညာစွမ်းပကားများကို မြှင့်တင်ပြီး ထူးချွန်ဆုများရရှိအောင် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း၊ အထူးမေတ္တာရပ်ခံလိုသည်မှာ မြန်မာ့ဓလေ့စရိုက်များ မမေ့မှိန်၊ မပျောက်ပျက်စေရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှုဓလေ့စရိုက် လွှမ်းမိုးလာမှုကို ကာကွယ်တားဆီးပေးကြရန်၊ မိမိတို့ယဉ်ကျေးမှုများကို အရိုးပေါ်အရွက်မဖုံးစေရန်နှင့် ပြောင်းလဲလာနေသည့် ခေတ်ရေစီးကြောင်းပေါ်တွင် လိုက်လျောညီထွေစွာလိုက်ပါပြီး နိုင်ငံနှင့် လူမျိုးအကျိုးအတွက် မိမိတို့တတ်ကျွမ်းသည့် အနုပညာကိုအခြေခံပြီး အမျိုးသားရေးစိတ်ဓာတ်ဖြင့် အကျိုးရှိအောင် ဖော်ဆောင်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်းက ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် အခမ်းအနားမှူးက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီပေးကြသည့် ရွှေကြိုမောင်/



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကူးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရ အကယ်ဒမီများရှင် နေတိုးအား အကယ်ဒမီရွှေစင်ရုပ်တု ချီးမြှင့်စဉ်။



အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရ အကယ်ဒမီများရှင် ဝတ်မှုံရွှေရည် အကယ်ဒမီ ရွှေစင်ရုပ်တု လက်ခံရယူစဉ်။



၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်အထူးဆုရ မိတ်ကပ်ပညာရှင် လုံလုံ (လင်္ကာဒီပ) အကယ်ဒမီရွှေစင်ရုပ်တု လက်ခံရယူစဉ်။

မယ်များကို တစ်ဦးချင်းမိတ်ဆက်ပေးပြီး အနုပညာရှင်များက ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ဂုဏ်ပြုသည့်အနေဖြင့် “သင်္ကြန်ပွဲဆင် တို့ရုပ်ရှင်” အစီအစဉ်ဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်တစ်သက်တာဆုရရှိကြသူများကို ဖွင့်ဖောက်ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် အနုပညာရှင်၊ အတတ်ပညာရှင်များအပါအဝင် ရုပ်ရှင်လောကသားအားလုံးက လှိုက်လှဲဂုဏ်ယူစွာ ချီးမြှင့်သည့် ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရရှိကြသော မင်းသားကြီး ဦးကြည်စိုး၊ အကယ်ဒမီဒါရိုက်တာ မောင်နှင်းမိုး၊ ထပ်ဆင့်အကယ်ဒမီ ဝါဝါဝင်းရွှေ၊ ထပ်ဆင့်အကယ်ဒမီ ခင်သန်းနုတို့ကို ဆုများပေးအပ်ချီးမြှင့်ကြပြီး မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရရှိကြသည့် အနုပညာရှင်များက ဝမ်းမြောက်ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ်အတွက် ရုပ်ရှင်အတတ်ပညာဆုနှင့် ရုပ်ရှင်အနုပညာဆုများကို ဖွင့်ဖောက်ကြေညာရာ အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုကို “ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်”ဇာတ်ကားဖြင့် ကောင်းဇံ၊ အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုကို “အိပ်မက်ကာရန်” ဇာတ်ကားဖြင့် အကယ်ဒမီ ခိရာမိုရ်၊ အကောင်းဆုံး ရုပ်ရှင်အသံဆုကို “မီး” ဇာတ်ကားဖြင့် အောင်မျိုးမြတ်နှင့်ရဲဝင်း၊ အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆုကို “နှောင်” ဇာတ်ကားဖြင့် အာကာကျော်၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆုကို “တိမ်ပန်းချီ” ဇာတ်ကားဖြင့် အေးသီရိကို၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို “ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်” ဇာတ်ကားဖြင့် Taurus V production၊ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်အထူးဆုအဖြစ် “နှောင်” ဇာတ်ကားဖြင့် မိတ်ကပ်ပညာရှင် လုံလုံ (လင်္ကာဒီပ)တို့က ရရှိကြသည်။

ထူးချွန်ဆုရရှိကြသူများကို ဝါရင့်အကယ်ဒမီဆုများရှင် အနုပညာရှင်ကြီးများက အကယ်ဒမီရွှေစင်ရုပ်တုများ ပေးအပ်ချီးမြှင့်ကြပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများက ကျေးဇူးတင်စကားပြောကြားကြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များထဲမှ ရွေးချယ်ပေးအပ်သော အကောင်းဆုံး ဝတ်စားဆင်ယင်မှုဆုများ( Myanmar Academy Fashion Awards)ကို ပေးအပ်ချီးမြှင့်ရာ အကောင်းဆုံး အမျိုးသားဝတ်စားဆင်ယင်မှု အကြီးတန်းဆုကို အကယ်ဒမီများရှင် ရန်အောင်၊ အကောင်းဆုံး အမျိုးသမီးဝတ်စားဆင်ယင်မှု အကြီးတန်းဆုကို အကယ်ဒမီ စိုးမိုးကြည်၊ အကောင်းဆုံး အမျိုးသားဝတ်စားဆင်ယင်မှုဆုကို ထက်အောင်ရှိုင်း၊ အကောင်းဆုံး အမျိုးသမီးဝတ်စားဆင်ယင်မှုဆုကို နန်းစုရတီစိုးတို့ကရရှိကြပြီး အကယ်ဒမီများရှင် ဆွေဇင်ထိုက်က ဆုများပေးအပ်ချီးမြှင့်သည်။ *စာမျက်နှာ ၈ သို့*



အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုရ ကောင်းဇံအား အကယ်ဒမီဆုကြေညာအပြီး အခမ်းအနားတက်ရောက်လာသူများက ဂုဏ်ပြုကြစဉ်။



ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ဂုဏ်ပြုသည့်အနေဖြင့် “သင်္ကြန်ပွဲဆင် တို့ရုပ်ရှင်” အစီအစဉ်ဖြင့် ကပြဖျော်ဖြေတင်ဆက်စဉ်။

*စာမျက်နှာ ၇ မှ*

ဆက်လက်၍ ၂၀၂၄ ခုနှစ်အတွက် ရုပ်ရှင်အတတ်ပညာဆုနှင့် ရုပ်ရှင်အနုပညာဆုများကို ဖွင့်ဖောက်ကြေညာရာ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုကို "အိပ်မက်ကာရန်" ဇာတ်ကားဖြင့် အကယ်ဒမီ ဝင်းလွင်ထက်၊ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို "ဘိုးတော်ကင်း" ဇာတ်ကားဖြင့် ခြူးလေး၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို "မီး" ဇာတ်ကားဖြင့် အေးချမ်းမောင်၊ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို "တိမ်ပန်းချီ" ဇာတ်ကားဖြင့် အကယ်ဒမီ ဝတ်မှုံရွှေရည်၊ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို "နှောင်" ဇာတ်ကားဖြင့် အကယ်ဒမီ နေတိုးတို့က ရရှိကြသည်။

ထူးချွန်ဆုရရှိကြသူများကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဝါရင့်အကယ်ဒမီဆုများရှင် အနုပညာရှင်ကြီးများက အကယ်ဒမီ ရွှေစင်ရုပ်တုများ ပေးအပ်ချီးမြှင့်ကြပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများက ကျေးဇူးတင်စကားပြောကြားကြသည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကျင်းပစဉ်အတွင်း အနုပညာရှင်များက တေးသီချင်းများ၊ အကအလှများဖြင့် အလှည့်ကျ ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့သည် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အခမ်းအနားသို့ တက်ရောက်လာကြသည့် ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတ နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

၁၉၂၀ ပြည့်နှစ်မှစတင်ခဲ့သည့် မြန်မာ့ရုပ်ရှင်သည် အခုဆိုလျှင် နှစ်ပေါင်း (၁၀၅) နှစ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားရေးကိုရှေးရှု၍ ၁၉၅၂ ခုနှစ်ကစတင်ပြီး မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့သည် မြန်မာ့ရုပ်ရှင်လောကသား ထူးချွန်ထက်မြက်သည့် အနုပညာရှင်၊ အတတ်ပညာရှင်များကို ရွေးချယ်ကာ ထူးချွန်ဆုချီးမြှင့်ခဲ့သည်မှာ ယနေ့ကျင်းပသည့် ၂၀၂၄ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲသည် (၇၃) နှစ်အတွင်းတွင် (၆၆) ကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုရ အကယ်ဒမီ ဝင်းလွင်ထက် အကယ်ဒမီ ရွှေစင်ရုပ်တု လက်ခံရယူစဉ်။



အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရ အေးချမ်းမောင် အကယ်ဒမီ ရွှေစင်ရုပ်တု လက်ခံရယူစဉ်။



အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရ ခြူးလေး အကယ်ဒမီရွှေစင်ရုပ်တု လက်ခံရယူစဉ်။



အကယ်ဒမီများရှင် ဆွေဇင်ထိုက် အကောင်းဆုံးအမျိုးသားဝတ်စားဆင်ယင်မှုအကြီးတန်းဆုရ ထပ်ဆင့်အကယ်ဒမီ ရန်အောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



အကယ်ဒမီများရှင် ဆွေဇင်ထိုက် အကောင်းဆုံးအမျိုးသမီး ဝတ်စားဆင်ယင်မှုအကြီးတန်းဆုရ အကယ်ဒမီ စိုးမိုးကြည်အား ဆုပေးအပ်ချီးမြှင့်စဉ်။



အကယ်ဒမီများရှင် ဆွေဇင်ထိုက် အကောင်းဆုံးအမျိုးသား ဝတ်စားဆင်ယင်မှုဆုရ ထက်အောင်ရှိုင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များ၏ ဓာတ်ပုံမြင်ကွင်း



သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ မို့မို့မြင့်အောင်။



သရုပ်ဆောင် လှမျိုးသဉ္ဇာနွယ်။



သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ နေတိုးနှင့် ဇနီး။



သရုပ်ဆောင် နေမျိုးအောင်နှင့် ဇနီး။



သရုပ်ဆောင် မိုးဟေကို။



သရုပ်ဆောင် ညီထွဋ်ခေါင်။



သရုပ်ဆောင် နန်းစုရတီစိုး။



သရုပ်ဆောင် မေပန်းချီ။



အဆိုတော်၊ သရုပ်ဆောင် နီနီခင်ဇော်။



သရုပ်ဆောင် အကယ်ဒမီ ခင်ဝင့်ဝါ။



သရုပ်ဆောင် နော်ဖောအယ်ထား။

# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိခဲ့ကြသည့် အနုပညာရှင်၊ အတတ်ပညာရှင်များ၏ ဝမ်းသာပီတိစကားသံများ

**၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန- ၁ ၌ ခမ်းနားထည်ဝါစွာ ကျင်းပရာ အနုပညာနယ်ပယ်ပေါင်းစုံမှ အနုပညာရှင်၊ အတတ်ပညာရှင်များ တက်ရောက်ကြသည်။**



ထပ်ဆင့်အကယ်ဒမီ ဝါဝါဝင်းရွှေ
(ရုပ်ရှင်တစ်သက်တာဆုရှင်)



ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု
(ရုပ်ရှင်တစ်သက်တာဆုရှင်)



မောင်နှင်းမိုး
(ရုပ်ရှင်တစ်သက်တာဆုရှင်)



ကောင်းဇံ
(အကောင်းဆုံးရုပ်ရှင်ခေတ်ပုံဆု)



မိုးရာမိုရ်
(အကောင်းဆုံး ရုပ်ရှင်တေးဂီတဆု)



အောင်မျိုးမြတ်၊ မောင်ရဲဝင်း
(အကောင်းဆုံး ရုပ်ရှင်အသံဆု)



အာကာကျော်
(အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆု)



အေးသီရိကို
(အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆု)



Taurus V ရုပ်ရှင်ထုတ်လုပ်ရေး
(အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆု)



လုံလုံ(လင်္ကာဒီပ)(အထူးဆု)



ဝင်းလွင်ထက်
(အကောင်းဆုံး ဒါရိုက်တာဆု)

အဆိုပါ အနုပညာရှင်၊ အတတ်ပညာရှင်များအနက်မှ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ထိုက်တန်စွာ ချီးမြှင့်ခံခဲ့ရသူများနှင့် တွေ့ဆုံ၍ ၎င်းတို့၏ ရင်တွင်းပီတိစကားသံများကို ပြည်သူများ သိရှိစေရန် မေးမြန်းဝေမျှလိုက်ရပါသည်။

**ထပ်ဆင့်အကယ်ဒမီ ဝါဝါဝင်းရွှေ**
**(ရုပ်ရှင်တစ်သက်တာဆုရှင်)**

ဒီလိုဆုရရှိမယ်လို့ မမျှော်လင့်ခဲ့ပါဘူး။ အခုလို နိုင်ငံတော်က ချီးမြှင့်တဲ့အတွက် ဝမ်းသာမိပါတယ်။ အခုရရှိတဲ့ တစ်သက်တာဆုဟာ အင်မတန် အဓိပ္ပာယ်ပြည့်ဝလှပါတယ်။ ကိုယ်တိုင်လည်း ဂုဏ်ယူမိပါတယ်။ ကျွန်မတို့ဘဝမှာ အနုပညာကို ချစ်မြတ်နိုးစွာနဲ့ နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့တာပါ။ ကျွန်မချစ်တဲ့ ပရိသတ်ကြီးကို အသက်နဲ့ခန္ဓာ တည်မြဲနေသရွေ့ အနုပညာနဲ့ ကျေးဇူးဆပ်သွားပါမယ်လို့ ပြောချင်ပါတယ်။ ပရိသတ်ကြီးလည်း ထပ်တူထပ်မျှ ဝမ်းသာကြမယ်လို့ မျှော်လင့်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု**
**(ရုပ်ရှင်တစ်သက်တာဆုရှင်)**

အခုလို အကယ်ဒမီဆုရရှိတဲ့အတွက် ဝမ်းသာမိပါတယ်။ စိတ်ထဲမှာလည်း အင်မတန် ကျေနပ်ပီတိ ဖြစ်မိပါတယ်။ ဘဝအတွက် တစ်သက်တာဆုဆိုတာ အမြင့်ဆုံးဆုပဲ ဖြစ်ပါတယ်။ ဒီအရွယ်မှ ရတဲ့အတွက် ဝမ်းသာမိပါတယ်။ ကျေးဇူးတင်ထိုက်တဲ့သူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ အကုန်လုံးရဲ့မေတ္တာကို ခံယူရတာပဲ ဖြစ်ပါတယ်။ ကျွန်မကတော့ သရုပ်ဆောင်အလုပ်ကို အကောင်းဆုံး ဆောင်ရွက်ခဲ့ပါတယ်။ အနုပညာဆိုတာ အများကြီး ကြိုးစားရပါတယ်။ ကိုယ့်ရဲ့ ဆန္ဒကို မလုပ်ဆောင်ရဘဲ ဇာတ်ကောင်ရဲ့ စရိုက်ကို အမြဲတမ်းပီပြင်အောင် မွေးမြူရပါတယ်။ သရုပ်ဆောင်ပညာကို ကြိုးစားဆောင်ရွက်မယ်ဆိုရင် တစ်သက်တာဆုဆိုတာကို တစ်ချိန်မှာ ရရှိကြမှာဖြစ်ပါတယ်။

**မောင်နှင်းမိုး**
**(ရုပ်ရှင်တစ်သက်တာဆုရှင်)**

အကယ်ဒမီဆိုတာ ရုပ်ရှင်လောကသားတိုင်း တောင့်တတဲ့ ဆုတစ်ခုဖြစ်ပါတယ်။ ဒီလို တောင့်တနေတဲ့ဆုကို မမျှော်လင့်ဘဲ ရရှိတဲ့အတွက် အင်မတန်ဝမ်းသာမိပါတယ်။ ရုပ်ရှင်လည်း မရိုက်တော့ပေမယ့် အခုအချိန်မှာ ရရှိတဲ့အတွက် စိတ်လည်း လှုပ်ရှားနေမိပါတယ်။ ကိုယ့်နာမည်ကို ဆုရရှိတယ်လို့ ကြေညာလိုက်တဲ့ အချိန်မှာလည်း ရင်ခုန်ခဲ့ပါတယ်။ သင်ကြားပေးခဲ့တဲ့ ဆရာတွေရဲ့ သင်ကြားပေးမှုကို သေချာလိုက်နာခဲ့လို့ ဆုရရှိခဲ့တာဖြစ်ပါတယ်။ ဆရာသမားအားလုံးကို ကျေးဇူးတင်ရှိပါတယ်။ ဆုချီးမြှင့်ပေးတဲ့ သူတွေအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။

**ကောင်းဇံ**
**(အကောင်းဆုံးရုပ်ရှင်ခေတ်ပုံဆု)**

ဆုရရှိတဲ့အတွက် ပျော်ရွှင်နေမိပါတယ်။ အခုဆုရရှိတဲ့ ဇာတ်ကားရိုက်ကူးတုန်းက အမှတ်တရတွေ အများကြီးရှိခဲ့ပါတယ်။ အင်းလေးမှာ ရိုက်ကူးခဲ့တာဖြစ်တဲ့အတွက် အင်းလေးရဲ့ အလှအပတွေအားလုံးကို သေချာပြသနိုင်ခဲ့တဲ့အပြင် ရေပေါ်မှာ ရိုက်ကူးရတာဖြစ်တဲ့အတွက် သေချာပြင်ဆင်ခဲ့ရပါတယ်။ ကျွန်တော် ခေတ်ပုံဆုရရှိတဲ့အတွက် ပရိသတ်တွေလည်း ပျော်ရွှင်မယ်လို့ ထင်ပါတယ်။ ဒီဆုဟာ ဘဝရဲ့ မှတ်တိုင်တစ်ခု ဖြစ်ခဲ့ပါပြီ။ ကျွန်တော့်ကို အားပေးကြတဲ့ တစ်ဦးတစ်ယောက်ချင်းစီတိုင်းကို ကျေးဇူးတင်ရှိပါတယ်။

**မိုးရာမိုရ်**
**(အကောင်းဆုံး ရုပ်ရှင်တေးဂီတဆု)**

ကျွန်တော့်ရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုပေးတဲ့အတွက် ဝမ်းသာမိပါတယ်။ ဒီဆုကို ကျွန်တော်ရတာထက် လူငယ်တွေကို ပိုရစေချင်ပါတယ်။ ကျွန်တော်ရရှိခဲ့တဲ့ ကားကတော့ သမိုင်းမှာ ကျန်နေမယ့် ကားတစ်ခုဖြစ်တယ်ဆိုတာ ယုံကြည်တဲ့အတွက် အစကတည်းက သေချာကြိုးစားခဲ့ပါတယ်။ ကိုယ်ကိုယ်တိုင်ကလည်း ဂီတကို သဘောကျတယ်။ ဒါကြောင့်ကိုယ်သိရှိသမျှ အစွမ်းကုန်ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ ဒီအကယ်ဒမီဆုကတော့ ဘဝအတွက် အမှတ်ရစရာကိစ္စတစ်ခုဖြစ်ခဲ့ပါပြီ။ ရှေ့ဆက်ပြီးလည်း ဂီတနဲ့ ပတ်သက်တာတွေ အများကြီး ကြိုးစားဆောင်ရွက်သွားပါမယ်။

**အောင်မျိုးမြတ်၊ မောင်ရဲဝင်း**
**(အကောင်းဆုံး ရုပ်ရှင်အသံဆု)**

အခုလိုအသံဆုရရှိအောင် နှစ်ယောက်အတွဲညီညီ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဇာတ်ကားတိုင်းမှာ သူ့အခက်အခဲနဲ့သူရှိပါတယ်။ ဒါပေမယ့် ဒီအခက်အခဲတွေကို ကြိုးစားပြီး သေချာပြင်ဆင် ကျော်ဖြတ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခုလို ပညာရှင်ဆု ရရှိတဲ့အတွက် အင်မတန်ကို ပျော်ရွှင်မိပါတယ်။ ဒီဆုရရှိခဲ့တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ကျေးဇူးတင်ရမယ့်သူတွေ များပါတယ်။ ကျွန်တော်တို့ချည်းတော်လို့မဟုတ်ပါဘူး။ မင်းသား၊မင်းသမီးတွေနဲ့အဖွဲ့သားတွေအားလုံးရဲ့ အကောင်းဆုံး ပူးပေါင်းဆောင်ရွက်မှုကြောင့် ဆုရရှိခဲ့တာ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်လို့ ပြောလိုပါတယ်။

**အာကာကျော်**
**(အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆု)**

အခုလို အကယ်ဒမီဆုကြီးကို ရရှိတဲ့အတွက် အင်မတန် ဝမ်းသာမိပါတယ်။ ကျွန်တော့်ရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုပေးတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ ကြိုးစားရကျိုးနပ်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒီကားက အင်းလေးမှာ သွားရိုက်ထားတာဖြစ်ပါတယ်။ အမှတ်တရတွေလည်း အများကြီးပါ။ အနုပညာရှင်တွေ အားလုံးက တော်ကြပါတယ်။ ကံရယ်၊ အကြောင်းတရားတွေ ပေါင်းစပ်သွားရင် ဆုရရှိသွားတာ ဖြစ်ပါတယ်။ ဒီဆုရရှိတဲ့အတွက် ကိုယ်တိုင်လည်း ပိုပြီးယုံကြည်မှုရှိသွားပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အေးသီရိကို**
**(အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆု)**

အခုလို ဆုရရှိမယ်လို့ မမျှော်လင့်ထားပါဘူး။ ဒီဇာတ်ကားကို ပရိသတ်ကလည်း အားပေးကြတယ်။ ကျွန်မကိုယ်တိုင်ကြိုက်တဲ့ ဇာတ်ညွှန်းလည်းဖြစ်ပါတယ်။ အခုဆုရရှိတဲ့ တိမ်ပန်းချီဇာတ်ကားမှာ ကျွန်မအနေနဲ့ အများကြီးကြိုးစားခဲ့ပါတယ်။ အခုလို ကြိုးစားမှု အရာထင်ခဲ့တဲ့အတွက် ဂုဏ်ယူမိပါတယ်။ ဇာတ်ညွှန်းတိုင်းကိုလည်း ကိုယ်တိုင်ခံစားပြီး ရေးသားပါတယ်။ တိမ်ပန်းချီရုပ်ရှင်ဇာတ်လမ်းကို စတင်ရေးဖို့ လက်ခံလိုက်ကတည်းက အမျိုးသမီးတွေရဲ့ အချစ်နဲ့ မေတ္တာတရားတွေကို ပြသမယ့် ဇာတ်လို့ တွေးပြီးရေးသားခဲ့တာ ဖြစ်ပါတယ်။ ကြည့်ရှုအားပေးခဲ့ကြတဲ့ ပရိသတ်တွေအားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**Taurus V ရုပ်ရှင်ထုတ်လုပ်ရေး**
**(အကောင်းဆုံးရုပ်ရှင် ဇာတ်ကားဆု)**

ကျွန်မတို့အားလုံးကြိုးစားထားကြတဲ့ ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် ရုပ်ရှင်ဇာတ်ကားကြီးကို ကြည့်ရှုအားပေးကြတဲ့ ပရိသတ်အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ ဒီဇာတ်ကား ရိုက်ကူးခဲ့တဲ့နေရာက မြေပေါ်မှာမဟုတ်ဘဲ အင်းလေးရေပြင်ပေါ် ရိုက်ကူးခဲ့တာ ဖြစ်တဲ့အတွက် အခက်အခဲတော့ ရှိခဲ့ပါတယ်။ အားလုံးကိုယ့်တာဝန်ကိုယ်ယူပြီး အကောင်းဆုံးရိုက်ကူးခဲ့ကြတာဖြစ်ပါတယ်။ နောက်ထပ်လည်း ရသမြောက် ရုပ်ရှင်ဇာတ်ကားကောင်းတွေကို ရိုက်ကူးသွားဖို့ ရှိပါတယ်။ ဆုချီးမြှင့်ပေးတဲ့ တာဝန်ရှိသူ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လုံလုံ(လင်္ကာဒီပ)(အထူးဆု)**

အခုလိုမျိုး မိတ်ကပ်ပညာကို လိမ်းခြယ်ပြသခွင့်ရအောင် အခွင့်အရေးပေးခဲ့တဲ့အတွက် ဝမ်းသာမိပါတယ်။ ယုံကြည်စွာ အပ်နှံခဲ့တဲ့ သူတွေကို ကျေးဇူးတင်ရှိပါတယ်။ ဒီဆုဟာ ရုပ်ရှင်သမိုင်းမှာ ပထမဆုံးဆုလည်း ဖြစ်ပါတယ်။ ရုပ်ရှင်အတတ်ပညာရှင်အနေနဲ့ အသိအမှတ်ပြုပေးတဲ့အတွက် ဂုဏ်ယူရပါတယ်။ မိတ်ကပ်လိမ်းတာဟာ တာဝန်ကြီးပါတယ်။ အတတ်နိုင်ဆုံး ကြိုးစားခဲ့တဲ့အတွက် ဒီဆုကို ရရှိခဲ့ခြင်းဖြစ်ပါတယ်။ အကယ်ဒမီဆု ရရှိခဲ့တဲ့အတွက် တာဝန်ပိုကြီးသွားပါပြီ။ ဒီထက်ပိုပြီး ကြိုးစားသွားပါမယ်။ ကျွန်မရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုပေးတဲ့ ပရိသတ်တွေနဲ့ လုပ်ဖော်ကိုင်ဖက်အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

*စာမျက်နှာ ၁၁ သို့*

# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတက်ရောက်ရန် သက်ကြီးအနုပညာရှင်များ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်အပြည်ဆိုင်ရာ ကွန်းဗင်းရှင်းဗဟို ဌာန-၁ ၌ ခမ်းနားထည်ဝါစွာ ကျင်းပခဲ့ပြီးဖြစ်သည်။

အဆိုပါ အခမ်းအနားတက်ရောက်ရန် သက်ကြီး အနုပညာရှင် ၂၇ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်၏စီစဉ်ပေးမှုဖြင့် ရန်ကုန်မြို့မှ တပ်မတော် လေယာဉ်ဖြင့် ထွက်ခွာလာကြပြီး နေပြည်တော်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြပြီး**(အောက်ပုံ)** ခေတ္တ တည်းခိုနေထိုင်ကြမည့် နေရာများသို့ လိုက်လံ ပို့ဆောင်ပေးကြသည်။


ဒါရိုက်တာ ဦးအောင်မြင့်မြတ်


ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဒေစီကျော်ဝင်း


ဒါရိုက်တာ မောင်နှင်းမိုး

ယခုကဲ့သို့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားသို့ စိတ်အေးချမ်းသာစွာဖြင့် အဆင်ပြေ ချောမွေ့စွာ တက်ရောက်နိုင်ရန် စီစဉ်ပေးမှုအပေါ် ဒါရိုက်တာ ဦးအောင်မြင့်မြတ်က "နိုင်ငံတော်အနေနဲ့ ကျွန်တော်တို့လို အနုပညာရှင်တွေကို မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ချီးမြှင့်ပွဲတက်ရောက်ဖို့ သေချာလေးစီစဉ်



ပေးတဲ့အတွက် ဝမ်းသာမိပါတယ်။ အကယ်ဒမီပွဲ ဆိုတာ တစ်နှစ်မှာ တစ်ခါပဲ ကျင်းပတဲ့ပွဲဖြစ်တဲ့ အတွက် အနုပညာရှင်တိုင်း တက်ရောက်ချင်ကြပါ တယ်။ အထူးသဖြင့် ကျွန်တော်တို့လို အသက်ကြီးတဲ့ သူတွေက ကျန်းမာမှပဲ တက်ရောက်နိုင်မှာ ဖြစ်ပါ တယ်။ အခုလို တက်ရောက်ခွင့်ရတဲ့အတွက်လည်း ပျော်ရွှင်မိသလို ထူးချွန်ဆုတွေရရှိကြမယ့် အနုပညာ ရှင်တွေကိုလည်း အားပေးသွားမှာ ဖြစ်ပါတယ်။ အခုလို အကယ်ဒမီပေးပွဲကြီးကို အဆင်ပြေစွာ တက်ရောက်နိုင်ဖို့စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကို လည်း ကျေးဇူးတင်ရှိပါတယ်"ဟု ပြောသည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲသို့ တက်ရောက် လာသည့် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဒေစီ ကျော်ဝင်းကလည်း "၂၀၂၄ ခုနှစ်အတွက် မြန်မာ့ ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို တက်ရောက်ခွင့်ရတဲ့ အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ ဒီအကယ်ဒမီ ဆုပေးပွဲကို စိတ်အေးချမ်းသာစွာနဲ့ အဆင်ပြေပြေ တက်ရောက်နိုင်ဖို့ လေယာဉ်နဲ့စီစဉ်ပေးတဲ့အတွက် နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။ ဆုပေးပွဲကြီး ကလည်း အလွန်ကိုခမ်းနားထည်ဝါစွာ စီစဉ်ဆောင် ရွက်ထားတယ်လို့လည်း သိရှိရပါတယ်။ နိုင်ငံတော် အနေနဲ့ အနုပညာရှင်တွေအပေါ် ဂရုတစိုက် ဝိုင်းဝန်း ပံ့ပိုးပေးတဲ့အတွက် ပိုပြီးဝမ်းသာပီတိဖြစ်မိပါတယ်" ဟု ပြောသည်။

ဒါရိုက်တာ မောင်နှင်းမိုးကလည်း "အခုကျင်းပတဲ့ အကယ်ဒမီပေးပွဲကို တက်ရောက်ခွင့်ရဖို့အတွက် နိုင်ငံတော်အစိုးရကနေ လိုအပ်သမျှ အကုန်စီစဉ် ဆောင်ရွက်ပေးပါတယ်။ အခု အကယ်ဒမီပေးပွဲ အခမ်းအနားကို တက်ရောက်မယ့် သက်ကြီးအနုပညာ ရှင်တွေကို စုစည်းပြီးတော့ ရန်ကုန်ကနေ လေယာဉ်နဲ့ ရောက်ရှိလာတာဖြစ်ပါတယ်။ ဒီကို ရောက်တော့ လည်း အကျွေးအမွေးကအစ အားလုံးစီစဉ် ဆောင်ရွက်ပေးကြပါတယ်။ အကယ်ဒမီပေးပွဲဆိုတာ ကျွန်တော်တို့ ရုပ်ရှင်လောကသားတွေ တက်ရောက် ချင်ကြတဲ့ပွဲကြီးလည်း ဖြစ်တဲ့အတွက် ရုပ်ရှင်သမား တိုင်း တက်ရောက်ချင်ကြသလို အကယ်ဒမီဆုကို လည်း အလွန်ကိုလိုချင်ကြပါတယ်။ ဒီနှစ်မှာလည်း အကယ်ဒမီ ဆုတွေရရှိကြမယ့် သရုပ်ဆောင်တွေကို အားပေးရင်း တက်ရောက်ခွင့်ရအောင် စီစဉ်ဆောင် ရွက်ပေးကြသူတွေအားလုံးကို ကျေးဇူးတင်ရှိပါ တယ်" ဟု ပြောသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

**ဝင်းလွင်ထက်**

**(အကောင်းဆုံးဒါရိုက်တာဆု)**

ကျွန်တော် အိပ်မက်ကာရန် ရုပ်ရှင် ဇာတ်ကားကို အများကြီးပြင်ဆင်ခဲ့ပါ တယ်။ ဒီကားက တခြားကားတွေနဲ့မတူ ပါဘူး။ ဒီကားက Musical ကားတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် အစမ်းလေ့ကျင့် မှုတွေ အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ရပါ တယ်။ ကျွန်တော် ဘယ်လိုဇာတ်ကားပဲ ရိုက်ရိုက် ပရိသတ်တွေအတွက် အကောင်း ဆုံးလုပ်မယ်ဆိုတဲ့ စိတ်တစ်ခုတည်းနဲ့ပဲ ဆောင်ရွက်ပါတယ်။ အခုလို ဒါရိုက်တာ ဆုရရှိတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီကားကို စပြီးအကောင်အထည်ဖော်တာ က နီနီခင်ဇော်ဖြစ်ပါတယ်။ သူ့ရဲ့အိပ်မက် အတိုင်း ဒီကားကြီးဟာ ပရိသတ်ရင်ထဲ ရောက်တဲ့အပြင် အကယ်ဒမီဆုတွေ လည်းရရှိခဲ့ပါပြီ။

**ခြူးလေး**

**(အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု)**

အခုအချိန်မှာတော့ အင်မတန် ရင်ခုန် စိတ်လှုပ်ရှားနေပါတယ်။ ကိုယ့်နာမည်ကို ကြေညာလိုက်တဲ့အချိန်မှာ ရင်ခုန်သံတွေ ရပ်တန့်သွားမလိုတောင် ဖြစ်ခဲ့ပါတယ်။ ကိုယ့်ကြိုးစားမှု အပေါ်မှာတော့ ဒီအကယ်ဒမီဆုကို အနည်းငယ်တော့ မျှော်လင့်ခဲ့ပါတယ်။ အခုတော့ ကိုယ့်ရဲ့ မျှော်လင့်ချက်လေး ပြည့်ဝသွားတယ်လို့


ခြူးလေး
(အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု)

ပြောလို့ရပါတယ်။ ဒီဆုဟာ အနုပညာ သက်တမ်းတစ်လျှောက်မှာ တကယ်ကို အဓိပ္ပာယ်ရှိတဲ့ ဆုတစ်ဆုပဲဖြစ်ပါတယ်။ ဒီလိုမှတ်တိုင်တစ်ခု ရရှိအောင် ကြိုးစား မယ်ဆိုတဲ့ စိတ်ရှိခဲ့ပါတယ်။ ဒါကြောင့် တဖြည်းဖြည်း ကြိုးစားလာခဲ့တာပါ။ အားပေးကြတဲ့ ပရိသတ်ကြီးကို ကျေးဇူးတင်ရှိပါတယ်။

**အေးချမ်းမောင်**

**(အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု)**

လက်ရှိခံစားချက်ကတော့ မမျှော်လင့် ထားဘဲ အကယ်ဒမီဆုကြီးရရှိခဲ့တဲ့အပေါ် မှာ ပိုပြီးတော့ ဝမ်းသာမိပါတယ်။ ကိုယ့် နာမည်ကြေညာလိုက်တဲ့ အချိန်မှာတော့ အံ့သြဝမ်းသာခဲ့ရပါတယ်။ ကိုယ့်ရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုတဲ့အတွက်


အေးချမ်းမောင်
(အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု)

ဂုဏ်ယူမိပါတယ်။ ဆုပေးပွဲ မစတင် ကတည်းက ပရိသတ်တွေက ခန့်မှန်းပေး ကြတာရှိခဲ့ပါတယ်။ ရုပ်ရှင်ဇာတ်ကား ကောင်းတွေနဲ့ သရုပ်ဆောင်ကောင်းတွေ လည်းများတဲ့အတွက် ခန့်မှန်းချက်တွေ လည်း အများကြီးရှိပါတယ်။ အခုလို ဆုရရှိတာကလည်း ပရိသတ်တွေအားပေး မှုကြောင့် ဖြစ်ပါတယ်။ ကျေးဇူးတင် ထိုက်သူအားလုံးကို ကျေးဇူးအထူးတင် ရှိပါတယ်။

**ထပ်ဆင့်အကယ်ဒမီဝတ်မှုံရွှေရည်**

**(အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆု)**

အခုလို အကယ်ဒမီဆုရရှိတဲ့အပေါ်မှာ ဝမ်းသာမိပါတယ်။ ကျွန်မကို အားပေး နေကြတဲ့ ပရိသတ်ကြီးကိုလည်း ကျေးဇူး တင်ရှိပါတယ်။ ဒီလို ဆုရရှိတဲ့အတွက်


ထပ်ဆင့်အကယ်ဒမီဝတ်မှုံရွှေရည်
(အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု)

ပရိသတ်တွေအားလုံးလည်း ပျော်နေကြ မယ်လို့ ထင်မိပါတယ်။ ကျွန်မ နာမည်ကို ကြေညာလိုက်တဲ့အချိန်မှာ ရင်ခုန်မိပါ တယ်။ စိတ်လည်း လှုပ်ရှားတယ်။ ကျွန်မ ကို အကယ်ဒမီဆုရစေချင်တဲ့ ပရိသတ် တွေ အများကြီးရှိပါတယ်။ သူတို့ရဲ့ ဆန္ဒ တွေလည်း ပြည့်ဝသွားတဲ့အတွက် အတိုင်း မသိ ဝမ်းသာမိပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ထပ်ဆင့်အကယ်ဒမီနေတိုး**

**(အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု)**

ကျွန်တော့်အနေနဲ့ အခုလို အကယ်ဒမီ ဆုကြီးကို ရရှိတဲ့အတွက် ဝမ်းသာပျော်ရွှင် မိပါတယ်။ ဒီအကယ်ဒမီရုပ်တုဟာ ကျွန်တော့်အတွက် လေးဆုမြောက် ဆုတံဆိပ် ဖြစ်ပါတယ်။ နှောင်ရုပ်ရှင်


ထပ်ဆင့်အကယ်ဒမီ နေတိုး
(အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု)

ဇာတ်ကားဟာ ကျွန်တော့်အတွက် အမှတ်တရတွေ အများကြီးရှိခဲ့ပါတယ်။ အများကြီးကြိုးစားခဲ့တဲ့အတွက်ကြောင့် ဒီဆုတံဆိပ်ကို ရရှိခဲ့တာဖြစ်တယ်လို့ ထင်မိပါတယ်။ ကျွန်တော့်အတွက် ရင်ခုန် စွာနဲ့ အားပေးနေကြတဲ့ ပရိသတ်တွေ ကျေနပ်ကြလိမ့်မယ်လို့ ထင်ပါတယ်။ ဒီနေ့ကတော့ ပရိသတ်ရဲ့ ဆန္ဒနဲ့ ထပ်တူ ကျသွားတယ်လို့ ပြောလို့ရပါတယ်။ သူတို့ ရစေချင်တဲ့ ဇာတ်ရုပ်နဲ့ ဆုရရှိခဲ့တဲ့အတွက် ဂုဏ်ယူမိပါတယ်။ နောင်လည်း ဒီထက် ပိုမိုကြိုးစားသွားပါမယ်လို့ ပြောကြားလိုပါ တယ်။ ပရိသတ်တွေနဲ့ လုပ်ဖော်ကိုင်ဖက် အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**တွေ့ဆုံမေးမြန်း - အောင်မင်းသန့်**

**ဓာတ်ပုံ - အောင်မင်းသန့်**

# ကြီးပွားရာကြီးပွားကြောင်း အခွင့်အလမ်းကောင်းတွေပါဗျို့

သာထူး

တိုင်းရင်းသားလူငယ်လေးတစ်ယောက် သူ့ပစ္စည်းတွေကို ကြော်ငြာပြီး ဈေးရောင်းနေတာလေးကို တွေ့တော့သဘောကျမိပါသဗျ။ သူရောင်းနေတဲ့ပစ္စည်းတွေက တွေ့မိသလောက်တော့ မွေ့ရာတွေနဲ့ ရုံးသုံးကုလားထိုင်တွေပါ။ မွေ့ရာတွေဆိုတာကလည်း ဟို... နာမည်ကြီး ဒန်းလော့လို မွေ့ရာမျိုးတွေ၊ ရုံးသုံးကုလားထိုင်တွေဆိုတာကလည်း ကုမ္ပဏီရုံးခန်းတွေမှာ တွေ့ရတတ်တဲ့ ခေတ်မီပုံစံမျိုးတွေ။ ဒါပေမယ့် နိုင်ငံခြားက သွင်းပြီးရောင်းတာမဟုတ်ဘူး။ "မြန်မာပြည်တွင်လုပ်သည်" "Made in Myanmar" ပစ္စည်းတွေပါလို့ သူက ကြော်ငြာပြီး ရောင်းနေတာပါ။ ပြည်တွင်းမှာ ထုတ်လုပ်တဲ့ ပစ္စည်းတွေဖြစ်တဲ့အတွက် ပျက်ရင်လည်း ပြန်ပြင်လို့ရတယ်။ ရောင်းပြီး ပြီးရောမဟုတ်ဘဲ နောက်ဆက်တွဲဝန်ဆောင်မှုတွေလည်း ပေးနိုင်တယ်လို့ အာဝဇ္ဇန်းရွှင်ရွှင်နဲ့ ကြော်ငြာပြီးရောင်းနေတာပါ။

ဒါနဲ့ တစ်ဆက်တည်းမှာပဲ အင်တာဗျူးတစ်ခုမှာ လုပ်ငန်းရှင်တစ်ယောက်ပြောတာကို သွားသတိရမိတယ်။ သူပြောတာကတော့ သူ့စက်ရုံကထုတ်တဲ့ ပစ္စည်းတွေကို Made in Myanmar လို့ ပြောရောင်းလို့မရဘူး။ ပစ္စည်းချင်းအတူတူ၊ အရည်အသွေးချင်း အတူတူဆိုရင်တောင် ဈေးကွက်က ပြည်တွင်းလုပ်ပစ္စည်းကို ဈေးမပေးချင်ဘူးဆိုတာမျိုး သူက ပြောခဲ့တာပါ။ မှောင်ခိုလုပ်ငန်းတွေခေတ်ထတဲ့ ကာလတုန်းကဆိုရင် ပြည်တွင်းမှာ ချုပ်တဲ့ ချုပ်ထည်တွေကို နယ်စပ်ကို အသာသယ်သွားပြီး နိုင်ငံခြားချုပ်ထည်တွေအဖြစ်နဲ့ ပြည်တွင်းကို ပုံမှားရိုက်ပြန်သွင်းခဲ့ကြတယ်လို့လည်း ကြားဖူးပါတယ်။ ဒီသဘောကတော့ ကျွန်တော်တို့ စားသုံးသူတွေဟာ နိုင်ငံခြားဖြစ်ကိုသာ ကောင်းတယ်ထင်ပြီး၊ ပြည်တွင်းဖြစ်ကို ကောင်းတယ်လို့မထင်ဘူး။ ကောင်းတယ်လို့ထင်တာတွေကို ဈေးကြီးပေးဝယ်သုံးပြီး၊ မကောင်းဘူးလို့ထင်တဲ့ ပြည်တွင်းဖြစ်ကိုတော့ တန်ရာတန်ကြေးပေးပြီး ဝယ်မသုံးလိုဘူးဆိုတဲ့ သဘောတွေပါပဲ။ ဒီလိုနဲ့ ဆပ်ပြာခွက်နဲ့ တံမြက်စည်းလိုပစ္စည်းမျိုးတွေကအစ "Made in ........ အခြားနိုင်ငံ" တွေကိုပါ ဈေးကွက်ထဲမှာ တွေ့နေကြရတာဟာ ပြည်တွင်းဖြစ်ကိုပဲ ပုံမှားရိုက်ရောင်းတာလား၊ ဘာလားတော့ မသိရဘူးပေ့ါ။

လုပ်ငန်းရှင်တချို့ကတော့ ပြည်တွင်းဈေးကွက်က အရည်အသွေးကို မကြည့်ဘဲ ဈေးနှုန်းကိုပဲ ကြည့်တယ်။ ဈေးပေါတာကိုသာ ရွေးချယ်ကြတဲ့အတွက် အရည်အသွေးကို လျှော့ပြီးထုတ်ရတယ်လို့ပြောတဲ့ လုပ်ငန်းရှင်တွေလည်း ရှိနေတယ်။ ဥပမာ ဆီ ဆိုပါတော့၊ မြေပဲသန့်သန့်၊ နှမ်းသန့်သန့်ကို စပါယ်ရှယ်ကြိတ်ရောင်းတဲ့ဆီက မရောင်းရဘူး။ စားအုန်းဆီ ခပ်ညံ့ညံ့ကို အရောင်ချွတ်၊ ဆေးဆိုး၊ အနံ့ထည့်ရောင်းတဲ့ မြေပဲဆီအတုက ပိုရောင်းရတယ်။ မျက်မြင်အားဖြင့် လှပြီး ဈေးသက်သာနေတဲ့ ဆီတွေက အန္တရာယ်ဖြစ်နိုင်လား မဖြစ်နိုင်ဘူးလားဆိုတာကို မစဉ်းစားတော့ဘဲ ဝယ်စားလိုက်ကြတယ်။ အန္တရာယ်ဖြစ်နိုင်တယ်ဆိုတာကလည်း ခုချက်ချင်းထဖြစ်မှာ မဟုတ်တော့ နောင်ခါလာ နောင်ခါဈေး သဘောထားလိုက်ကြတယ်ထင်ပ့ါ။ ဒီလိုနဲ့ အရည်အသွေးညံ့တဲ့ ပစ္စည်းတွေကို ဈေးပေါပေါနဲ့ ရောင်းနိုင်ဖို့ ပြည်တွင်းမှာ ထုတ်ကြရတယ်။ ကြာတော့ ပြည်တွင်းမှာထုတ်တဲ့ ပစ္စည်းအတော်များများ ထုပ်ပိုးပုံညံ့၊ အရည်အသွေးနိမ့်၊ ဆွဲဆောင်မှုမရှိ ဆိုတာမျိုးဖြစ်လာရတယ်။

ကျွန်တော်တို့ နိုင်ငံမှာ စီးပွားရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော်ကျော်က လုပ်ငန်းငယ်တွေပါ။ အဲဒီထဲမှာ အများစုက စားသောက်ကုန်ထုတ်လုပ်တဲ့ လုပ်ငန်းတွေလို့လည်း ဆိုပါတယ်။ နိုင်ငံက စိုက်ပျိုးရေးနိုင်ငံဖြစ်တော့လည်း စားသောက်ကုန်ထုတ်တဲ့ လုပ်ငန်းတွေများတာ သဘာဝကျပါတယ်။ စပါးတစ်မယ်ထဲက ထုတ်မယ်ဆိုရင်တောင် ဆန်သာမက အခြားစားစရာ၊ သောက်စရာ



(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်း၌ လုပ်ငန်းရှင်များအတွက် ဈေးကွက်နှင့်ရင်းနှီးမတည်ငွေချိတ်ဆက်မှု၊ ဆက်စပ်ဝန်ကြီးဌာနများ၏ One Stop Services များကို ဆောင်ရွက်ပေးစဉ်။

- **(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ်နဲ့ နေပြည်တော်က ဥပ္ပါတသန္တိစေတီတော်ကြီးအနီးက တပေါင်းကွင်းမှာကျင်းပတဲ့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို လုပ်ငန်းရှင်ကြီး၊ လုပ်ငန်းရှင်ငယ်တွေရော၊ အရင်းအနှီး လက်ထဲမှာရှိပြီး ဘာလုပ်ရမလဲ စဉ်းစားနေတဲ့ လုပ်ငန်းရှင်လောင်းလျာများပါ မရောက်ရောက်အောင်သွားပြီး စေ့စေ့ငုငု လေ့လာကြည့်ရှုကြဖို့ပါ**
- **ပုံမှန်အားဖြင့် လုပ်ငန်းရှင်တွေ တစ်ရုံးဝင် တစ်ရုံးထွက်သွားကြရမယ့် ကိစ္စတွေ တစ်နေရာတည်း၊ တစ်ထိုင်တည်းနဲ့ ပြီးနိုင်တဲ့ အခွင့်အလမ်းတွေလည်း ရှိနေသလို နိုင်ငံတစ်ဝန်းကလာကြတဲ့ လုပ်ငန်းရှင်တွေနဲ့လည်း မိတ်ဖွဲ့ရင်းနှီးခွင့်ရနိုင်ပြီး လုပ်ငန်းချင်းလည်း ချိတ်ဆက်နိုင်ပါတယ်**

တွေ အများကြီးထုတ်လို့ရပါတယ်။ ပဲ၊ ပြောင်း၊ နှမ်း၊ ကြံနဲ့ အခြားစိုက်သမျှပျိုးသမျှသီးနှံတွေ၊ သစ်သီးဝလံတွေ၊ ဟင်းသီးဟင်းရွက်တွေရောပါဆိုရင် စဉ်းစားသာကြည့်ပါတော့။ ထုတ်လုပ်နိုင်တာတွေ အများကြီးပါ။ ဒီကနေ့ မြန်မာလူမျိုးတွေရဲ့ စားသောက်ပုံက ကျွန်တော်တို့ ငယ်ငယ်က စားခဲ့၊ သောက်ခဲ့ကြတာနဲ့ဆိုရင် အပုံကြီး ကွာခြားလာခဲ့ပါပြီ။ ဆယ်စု နှစ်တွေ တစ်ခုပြီးတစ်ခု ပြောင်းလဲလာလိုက်တာ၊ ငယ်ငယ်တုန်းက မကြားခဲ့ဘူး၊ မစားခဲ့ဘူးတာတွေ၊ တရုတ်၊ အိန္ဒိယအစားအစာသာမက ထိုင်းစာ၊ ကိုရီးယားစာ၊ ဂျပန်စာ၊ အနောက်တိုင်းစာတွေကို မြန်မာတွေ စားတတ်နေကြပြီ။ ဒါတင်မက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင် အစားအသောက်တွေလည်း မြို့ပြဈေးကွက်ထဲ ရောက်နေပါပြီ။

ဒါပေမယ့် ပြည်တွင်းက စားသောက်ကုန်လုပ်ငန်းတွေဟာ တီထွင်ကြံဆမှုနည်းပါးစွာနဲ့ ခေတ်နောက်ကျ ကျန်ခဲ့တယ်လို့ လွန်ခဲ့တဲ့ ခုနစ်နှစ်၊ ရှစ်နှစ်လောက်တုန်းက လုပ်ခဲ့တဲ့စစ်တမ်းတစ်ခုက ဆိုပါတယ်။ ဒ့ါအပြင် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍမှာ လက်ဖြစ်ကိရိယာတွေ၊ စက်ယန္တရားအဟောင်းတွေနဲ့ အများစုက လုပ်ကိုင်နေကြရတာဖြစ်တယ်လို့ ဆိုထားပါတယ်။ ဒီကနေ့ ဈေးကွက်ထဲကို သွားကြည့်ရင် ပြည်တွင်းက ထုတ်လုပ်တဲ့ အစားအသောက်မျိုးစုံကို တွေ့နိုင်သလို နိုင်ငံခြားကသွင်းတဲ့ အစားအသောက်မျိုးစုံကိုလည်း တွေ့ရမှာပါ။ တချို့ နိုင်ငံခြားတံဆိပ်ကပ်ထားတဲ့ ဆန်ကွတ်ကီးရဲ့အရသာဟာ ကောက်ညှင်းခွက်ကြော်နဲ့ အတူတူဖြစ်ပြီး လက်တစ်ဆုပ်စာလောက် စက္ကူအိတ်ကလေးတွေနဲ့ ထုပ်ပိုးထားတဲ့ ပဲလုံးကြော်ကလည်း ကျွန်တော်တို့ လက်ဖက်ထဲ ထည့်စားနေတဲ့ ပဲလုံးကြော်နဲ့ အတူတူပါပဲ။ မတူတာက သူတို့ပဲလုံးကြော်က ဆီတွေစိုရွှဲမနေတာပါ။ ပြီးတော့ ကိုရီးယားက ဂင်မ်ချီ၊ ဆိုဂျူးနဲ့ ကျွန်တော်တို့ဆီက ချဉ်ဖတ်၊ ဆန်အရက် ဘာကွာလို့လဲ။ ကွာတာက သူတို့ပစ္စည်းတွေ ကျွန်တော်တို့ ဈေးကွက်ထဲရောက်နေပြီး ကျွန်တော်တို့ စားတတ်နေတာပါ။ ဒါကြောင့် ခေတ်အခြေအနေကို လိုက်ပြီး မြန်မာ့စားသောက်ကုန်လုပ်ငန်းတွေကလည်း တီထွင်ကြံဆ လုပ်ကိုင်ကြရမှာပါ။

နိုင်ငံ့စီးပွားရေးကို အဓိကမောင်းနှင်တဲ့အားဟာ ထုတ်လုပ်မှုကဏ္ဍဖြစ်တယ်လို့ ဖတ်ရ၊ မှတ်ရဖူးပါတယ်။ ကုန်ထုတ်လုပ်မှုတိုးတက်မှ နိုင်ငံ့စီးပွားရေးတိုးတက်မှာဖြစ်လို့ အစိုးရအဆက်ဆက်က ပြည်တွင်း ကုန်ထုတ်လုပ်မှုတိုးတက်အောင် တိုက်တွန်းအားပေးမောင်းနှင်ခဲ့ကြတာကိုလည်း ကျွန်တော့်တစ်သက်မှာ တွေ့ခဲ့ရတယ်။ ဈေးကွက် စီးပွားရေးစနစ် ကျင့်သုံးလာတဲ့အချိန်မှာ SME ပဲခေါ်ခေါ်၊ MSME ပဲခေါ်ခေါ် စီးပွားရေးလုပ်ငန်းတွေ တိုးတက်အောင်၊ ထွန်းကားအောင် လက်ရှိတာဝန်ယူထားတဲ့ အစိုးရအထိ အစွမ်းကုန်အားထုတ်လုပ်ကိုင်နေကြတာကိုလည်း တွေ့ရပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ အစွဲတွေထဲမှာ စက်ရုံထောင်ပြီး ကုန်ထုတ်လုပ်ငန်းလုပ်တာထက် ပို့ကုန်သွင်းကုန်လုပ်တာ၊ ကုန်ရောင်းကုန်ဝယ်လုပ်တာက အလုပ်ရှုပ်၊ ခေါင်းရှုပ်သက်သာပြီး အကျိုးအမြတ်ကိုလည်း မြန်မြန်ဆန်ဆန်၊ မြိုးမြိုးမြက်မြက်ရတယ်ဆိုတဲ့ အစွဲပါ။

နောက်ထပ်ပြောစရာရှိနေတာက တရားမဝင် ကုန်သွယ်မှုဖြစ်ပေါ်နေတာပါ။ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်တဲ့ ခရီးစဉ်သတင်းတွေထဲက ဒေသအလိုက် လုပ်ငန်းရှင်တွေရဲ့ တင်ပြချက်တွေထဲမှာ အရင်းအနှီးငွေကြေး၊ လျှပ်စစ်ဓာတ်အား၊ *စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၃ သို့*

- **နိုင်ငံခြားတံဆိပ်ကပ်ထားတဲ့ ဆန်ကွတ်ကီးရဲ့အရသာဟာ ကောက်ညှင်းခွက်ကြော်နဲ့ အတူတူဖြစ်ပြီး လက်တစ်ဆုပ်စာလောက် စက္ကူအိတ်ကလေးတွေနဲ့ထုပ်ပိုးထားတဲ့ ပဲလုံးကြော်ကလည်း ကျွန်တော်တို့ လက်ဖက်ထဲ ထည့်စားနေတဲ့ ပဲလုံးကြော်နဲ့ အတူတူပါပဲ။ မတူတာက သူတို့ပဲလုံးကြော်က ဆီတွေစိုရွှဲမနေတာပါ။ ပြီးတော့ ကိုရီးယားက ဂင်မ်ချီ၊ ဆိုဂျူးနဲ့ ကျွန်တော်တို့ဆီက ချဉ်ဖတ်၊ ဆန်အရက် ဘာကွာလို့လဲ။ ကွာတာက သူတို့ပစ္စည်းတွေ ကျွန်တော်တို့ ဈေးကွက်ထဲရောက်နေပြီး ကျွန်တော်တို့ စားတတ်နေတာပါ။ ဒါကြောင့် ခေတ်အခြေအနေကို လိုက်ပြီး မြန်မာ့စားသောက်ကုန်လုပ်ငန်းတွေကလည်း တီထွင်ကြံဆ လုပ်ကိုင်ကြရမှာပါ**

# အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ အထင်ကရနေရာများ ကြည့်ရှုလေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ရန်ကုန်မြို့၌ ရောက်ရှိနေသည့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေး သံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြရာ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**လက်မှတ်ရေးထိုး**

မွန်းလွဲပိုင်းတွင် ဧည့်သည်တော်နှင့်အဖွဲ့သည် ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်တာဝန်ရှိသူများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းတစ်တုံးတည်းမှ ထွင်းထုထားသော ဥပ္ပါတသန္တိပုံစံတူ ကျောက်စိမ်းစေတီတော်၊ မြန်မာ့အကြီးဆုံး ပုလဲရတနာ၊ အရည်အသွေးမြင့် ကျောက်စိမ်းတုံးများ၊ ရှားပါး မြန်မာ့တွင်းထွက် ရတနာများဖြစ်သည့် ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာများကို လိုက်လံရှင်းလင်းပြသကြပြီး ငြိမ်းချမ်းရေးသံတမန်ကြီးက ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

**ဗီဒီယိုမှတ်တမ်းပြသ**

ထို့နောက် ဧည့်သည်တော်နှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်း တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြရာ တာဝန်ရှိသူများက မော်ကွန်းတိုက်၌ မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်



အိန္ဒိယနိုင်ငံမှ Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။



အိန္ဒိယနိုင်ငံမှ Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကျောက်မျက်ရတနာပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။

ပူဇော်ရခြင်းရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထား ပူဇော်နိုင်ခဲ့မှု၊ ကျောက်စာရုံ စေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

**ဖူးမြော်ကြည်ညို**

ယင်းနောက် ဧည့်သည်တော်နှင့်အဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူဖူးမြော်ကြည်ညိုကြပြီး ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသော အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးနှင့် အဋ္ဌကထာ၊ ဋီကာကျမ်းစာများကို စကျင်ကျောက်များပေါ်၌ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ထွင်းထုတည်ဆောက်ထားသည့် ကျောက်စာရုံစေတီတော်များကို စိတ်ဝင်တစား လေ့လာဖူးမြော် ကြည်ညိုကြသည်။

ဆက်လက်၍ ဧည့်သည်တော်နှင့်အဖွဲ့သည် နေပြည်တော်ရှိ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော်၍ အလှူငွေများ လှူဒါန်းကြကာ ရတနာဆင်ဖြူတော်အဆောင်ရှိ ဆင်ဖြူတော်များကို အာဟာရဖြည့်စွက်စာများ ကျွေးမွေးခဲ့ကြသည်။

**ဂုဏ်ပြုညစာတည်ခင်း**

ညပိုင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေး သံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား M Gallery Hotel ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းရာ ဧည့်ခံပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၁၂ မှ*

❖ **နေပြည်တော် တပေါင်းကွင်းကစတဲ့ ပြည်ထောင်စုအဆင့် MSME ပြပွဲပြိုင်ပွဲဟာ နောင်တစ်ချိန်မှာ ပြည်တွင်း MSME များ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ မြန်မာ့ MSME စင်တာကြီး ပေါ်ပေါက်လာပြီး နှစ်စဉ် ပြပွဲပြိုင်ပွဲတွေ ကျင်းပကြ၊ လုပ်ငန်းတူသူတွေပူးပေါင်းကြ၊ သမဝါယမအသင်းတွေ ဖွဲ့စည်းထူထောင်ကြ၊ စာချုပ်တွေချုပ်ဆိုကြနဲ့ စည်ကားလာမယ့် မြင်ကွင်းကို စိတ်ကူးနဲ့မြင်ယောင်ကြည့်မိပါတယ်**

မြေနေရာဆိုတဲ့ တောင်းဆိုမှုတွေအပြင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးကိုပါ တင်ပြခဲ့ကြတာကို ဖတ်ခဲ့ရဖူးပါတယ်။ ကမ္ဘာ့စက်ရုံကြီးလို့ တင်စားရတဲ့ တိုင်းပြည်ကြီး အိမ်နီးချင်းမှာ ကပ်လျက်ရှိနေတဲ့အခြေအနေမှာ တရားမဝင်ကုန်သွယ်မှုကို နိုင်နင်းအောင်ကိုင်တွယ်နိုင်ပါမှ ပြည်တွင်းက လုပ်ငန်းတွေ နာလန်ထူမှာပါ။ တစ်ဖက်ကလည်း ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ ကိုယ့်လုပ်ငန်းရှင်သန်ရပ်တည်နိုင်ဖို့၊ သူ့ပစ္စည်းဈေးသက်သာသလို ကိုယ့်ပစ္စည်းဈေးသက်သာဖို့၊ သူ့ပစ္စည်း ပိုကောင်းသလို ကိုယ့်ပစ္စည်း ပိုကောင်းဖို့ ပြည်ပဈေးကွက်ကို မထိုးဖောက်နိုင်သေးရင်တောင် ကိုယ့်ပြည်တွင်းဈေးကွက်မှာ ခိုင်မာနေဖို့ ကြံ့ဆအားထုတ်ကြရမှာလည်း ဖြစ်ပါတယ်ဗျ။ လက်ရှိလုပ်နေတဲ့ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးကို ပိုမိုထိရောက်အောင် ကိုင်တွယ်ဆောင်ရွက်ရင်း တစ်ဖက်ကလည်း ကုန်ထုတ်လုပ်မှုကဏ္ဍမှာ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်မှုတွေ ပိုမိုလွယ်ကူသထက် လွယ်ကူလာအောင် ဖန်တီးပေးမယ်၊ လုပ်ငန်းရှင်တွေရဲ့ လိုအပ်ချက်တွေကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးမယ်ဆိုရင် အဓိကလိုအပ်ချက်ကြီးတစ်ခုပဲ ကျန်တော့မှာ ဖြစ်ပါတယ်။ အဲဒါကတော့ လုပ်ငန်းရှင်တွေ ကိုယ်တိုင်ရဲ့ လုပ်လိုကိုင်လိုစိတ်ပါ။

နောက်ဆုံးနှိုးဆော်တိုက်တွန်းလိုတာကတော့ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ်နဲ့ နေပြည်တော်က ဥပ္ပါတသန္တိ စေတီတော်ကြီးအနီး တပေါင်းကွင်းမှာကျင်းပတဲ့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို လုပ်ငန်းရှင်ကြီး၊ လုပ်ငန်းရှင်ငယ်တွေရော၊ အရင်းအနှီး လက်ထဲမှာရှိပြီး ဘာလုပ်ရမလဲ စဉ်းစားနေတဲ့ လုပ်ငန်းရှင်လောင်းလျာများပါ မရောက်ရောက်အောင်သွားပြီး စေ့စေ့ငုငု လေ့လာကြည့်ရှုကြဖို့ပါ။ ပြည်နယ်အသီးသီး၊ တိုင်းဒေသကြီးအသီးသီးက MSME လုပ်ငန်းတွေလာပြီး ပြကြပြိုင်ကြမှာမို့ ကြည့်ရှုလေ့လာကြသူတွေလည်း အတွေးသစ် အမြင်သစ်တွေ ပေါ်လာနိုင်ပါတယ်။ မတွေ့ဖူးသေးတာတွေကို တွေ့ရပြီး မသိသေးတဲ့ အချက်အလက်တွေကိုလည်း သိလာနိုင်ပါတယ်။ ပုံမှန်အားဖြင့် လုပ်ငန်းရှင်တွေ တစ်ရုံးဝင် တစ်ရုံးထွက်သွားကြရမယ့် ကိစ္စတွေ တစ်နေရာတည်း၊ တစ်ထိုင်တည်းနဲ့ ပြီးနိုင်တဲ့ အခွင့်အလမ်းတွေလည်း ရှိနေသလို နိုင်ငံတစ်ဝန်းကလာကြတဲ့လုပ်ငန်းရှင်တွေနဲ့လည်း မိတ်ဖွဲ့ရင်းနှီးခွင့်ရနိုင်ပြီး လုပ်ငန်းချင်းလည်း ချိတ်ဆက်နိုင်ပါတယ်။ နေပြည်တော် တပေါင်းကွင်းကစတဲ့ ပြည်ထောင်စုအဆင့် MSME ပြပွဲပြိုင်ပွဲဟာ နောင်တစ်ချိန်မှာ ပြည်တွင်း MSME များ ဖွံ့ဖြိုးတိုးတက်လာတာနဲ့ အမျှ မြန်မာ့ MSME စင်တာကြီး ပေါ်ပေါက်လာပြီး နှစ်စဉ် ပြပွဲပြိုင်ပွဲတွေ ကျင်းပကြ၊ လုပ်ငန်းတူသူတွေပူးပေါင်းကြ၊ သမဝါယမအသင်းတွေ ဖွဲ့စည်းထူထောင်ကြ၊ စာချုပ်တွေချုပ်ဆိုကြနဲ့ စည်ကားလာမယ့် မြင်ကွင်းကို စိတ်ကူးနဲ့ မြင်ယောင်ကြည့်မိပါတယ်။

အောင်မြင်မှုပန်းတိုင်ကို သွားရတဲ့လမ်းမှာ စိန်ခေါ်မှုတွေကတော့ ရှိစမြဲပါပဲ။ ဒီကနေ့ လူတွေ ကောင်းကင်မှာ ပျံသန်းသွားလာနိုင်ကြတာ စိတ်ကူးကနေပဲ စခဲ့ကြတာပါ။ စိတ်ကူးရဲ့ နောက်မှာတော့ အလုပ်လုပ်ကြရမှာပေါ့။ တွေ့ကြုံလာသမျှ အခက်အခဲတွေကိုလည်း ရင်ဆိုင်ဖြေရှင်းပြီး ရှေ့ဆက်ကြမှသာ ခရီးရောက်ကြမှာပေါ့။ ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်နဲ့ ဉာဏ်ပညာ ကြီးကြီးမားမား၊ ထက်ထက်သန်သန်နဲ့ လုပ်ကြကိုင်ကြမယ်ဆိုရင် မဖြစ်နိုင်တာ မရှိဘူးလို့ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားထားခဲ့တာပဲ။ မဖြစ်နိုင်ပါဘူးဆိုတဲ့ အတွေးနဲ့ ငေးငိုင်ဘေးထိုင်နေမယ့်အစား ဖြစ်ပေါ်လာနေတဲ့ အခွင့်အလမ်းတွေ၊ အခွင့်အရေးတွေကို အရအမိ ဆုပ်ကိုင်ပြီး လက်တွေ့ကျကျ လုပ်ကြကိုင်ကြရင်းနဲ့ သမာအာဇီဝကျကျ တိုးတက်ကြီးပွား ချမ်းသာနိုင်ကြဖို့ နှိုးဆော်တိုက်တွန်းလိုက်ရကြောင်းပါဗျား။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာ ထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေး သံတမန်ကြီး Gurudev Sri Sri Ravi Shankar တို့က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ဂုရုကြီး၏ နိုင်ငံတကာပဋိပက္ခများတွင် ညှိနှိုင်းပေးခဲ့သည့် ငြိမ်းချမ်းရေး အတွေ့အကြုံများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အဓိကအရေးကြီးသည့် ယုံကြည်မှုတည်ဆောက်ခြင်းဆိုင်ရာကိစ္စများ၊ ပဋိပက္ခပါတီများအကြား အပြန်အလှန် ညှိနှိုင်းပြောဆိုမှုနှင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ယုံကြည်မှု တိုးပွားစေရေးဆိုင်ရာကိစ္စရပ်များ၊ ပဋိပက္ခကြောင့် အားလုံးဒုက္ခရောက်ကြရပြီး တစ်ဖက်နှင့်တစ်ဖက် အပြစ်တင်ခြင်းထက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းရေးရရှိနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ ပါဝင်ယှဉ်ပြိုင်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

MSME လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းလိုအပ်ချက်များ ဖြည့်ဆည်း ပေးနိုင်ရုံသာမကဘဲ ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်သည့် အရည်အသွေး ပြည့်မီသော အဆင့်မီ ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အရည်အသွေး ပြည့်မီသော ပြည်တွင်း MSME ထုတ်ကုန်အသစ်များ ပေါ်ပေါက်လာစေရေး ရည်ရွယ်၍ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီအစဉ်ဖြင့်



ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲနှင့်ပြိုင်ပွဲကြီးတွင် ဆုရွေးချယ်ရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌအဖြစ် ဒုတိယဝန်ကြီး ဦးမြင့်စိုးက ဦးဆောင်ပြီး ပြိုင်ပွဲကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ် ၁၆ ၌ ဖေဖော်ဝါရီ ၇ ရက်မှ ၉ ရက်အထိ ကျင်းပလျက်ရှိသည်။

အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အသေးစား (Micro) ထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင် လုပ်ငန်းရှင် ၂၉ ဦး၊ အငယ်စား(small) ထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင်လုပ်ငန်းရှင် ၃၄ ဦး၊ အလတ်စား(medium) ထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင် လုပ်ငန်းရှင် ၂၈ ဦး၊ ဒေသတစ်ခု ထုတ်ကုန် တစ်ခု (OROP) ထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင် လုပ်ငန်းရှင် ၃၅ ဦး၊ ကုန်ထုတ်သမဝါယမအသင်း စွမ်းဆောင်ရည်ဆုအတွက် သမဝါယမအသင်း ၂၅ သင်း၊ အသေးစား စက်မှုလက်မှုထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင် လုပ်ငန်းရှင် ၄၂ ဦး စုစုပေါင်း ၁၉၃ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးအတွက် ဆု ၃၁ ဆု ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ပြီး ဆုရရှိသည့် လုပ်ငန်းရှင်များကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ကျင်းပသည့် တပေါင်းကွင်း၌ ဆုချီးမြှင့်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မအူပင်မြို့နယ်၌ စိုက်ပျိုးရေရရှိရေး ဆိုလာရေတင်စနစ် ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

**မအူပင် ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာ၌ နွေစပါးစိုက်တောင်သူများ စိုက်ပျိုးရေရရှိရေးအတွက် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆိုလာရေတင်စနစ် ဆောင်ရွက်နေမှုကို တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၆ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မအူပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဦးက မအူပင်မြို့နယ်အတွင်း ဆိုလာရေတင်စနစ်ငါးစုံဖြင့် တောင်သူ ၃၄ ဦး၏ အကျိုးပြု လယ်ဧက ၃၀၁ ဧကကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျုံစုတ်ကျေးရွာတွင် ရှစ်လက်မပန့်ဖြင့် ဆိုလာရေတင်စနစ်နှစ်စုံ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ ဆိုလာပန့် ၁၉၂ စုံဖြင့် စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့ရာ တောင်သူ ၁၈၃၅ ဦး၏ လယ်ဧက ၁၄၂၀၈ ဧကကို အကျိုးပြုလျက်ရှိကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေ GRF ဖြင့် ဆိုလာပန့် ၁၀ စုံ ဆောင်ရွက်ရန် လျာထားပေးပြီး တောင်သူ ၆၆ ဦး၊ စိုက်ဧက ၇၂၅ ဧကကို အကျိုးပြုမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

# စက်မှု၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပညာပေးဟောပြော

**မိတ္ထီလာ ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မိတ္ထီလာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာမြင့်က ပညာရေးဆိုင်ရာ ညွှန်ကြားချက်များကိုလည်းကောင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးငွေ၊ ခရိုင်မွေးမြူရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ အောင်ထွန်းနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးစိန်ကျော်လှိုင်တို့က စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနှင့် သက်ဆိုင်သော ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများကိုလည်းကောင်း ဟောပြောကြကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၅ ခုတို့က ဒေသထွက်ကုန်ကြမ်းတွေကနေ ထုတ်လုပ်ခင်းကျင်းရောင်းချထားတဲ့ MSME ထုတ်ကုန်တွေကို တစ်နေရာတည်းမှာ အမယ်စုံလင်စွာ ရွေးချယ်ဝယ်ယူအားပေးနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၉

**(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။**



ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ၊ ရိုးရာအစားအစာများခင်းကျင်းပြသရောင်းချသွားမည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖိတ်ကြားရေး၊ နေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်-

**မေး ။ ။ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ပြိုင်ပွဲမှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ဘယ်လိုတာဝန်တွေယူပြီး ဆောင်ရွက်နေတယ်ဆိုတာ သိရှိလိုပါတယ်။**

ဖြေ ။ ။ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲမှာ ကျွန်တော်က ဖိတ်ကြားရေး၊ နေရာချထားရေးနဲ့ ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌအနေနဲ့ ဆောင်ရွက်ပါတယ်။ ပြီးတော့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်အရ ဆုချီးမြှင့်ခြင်းအခမ်းအနားမှာ ဒစ်ဂျစ်တယ်နည်းပညာနဲ့ ဆုချီးမြှင့်ပေးအပ်နိုင်ဖို့ နည်းပညာပံ့ပိုးဆောင်ရွက်သွားမှာဖြစ်ပြီးတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြခန်းအနေနဲ့ ပြခန်းအမှတ် (၆)နဲ့ ပြခန်းအမှတ်(၂၇) Digital Corner ပြခန်းတို့မှာ ဝင်ရောက်ပြသသွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ လာရောက်လေ့လာကြသူတွေ အဆင်ပြေအောင် ဘယ်လို စီစဉ်ထားတယ်ဆိုတာကို သိပါရစေ။**

ဖြေ ။ ။ ကျွန်တော်တို့ဆပ်ကော်မတီက ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီရဲ့ ညွှန်ကြားချက်တွေနဲ့အညီ အချိန်နဲ့ တစ်ပြေးညီ လုပ်ငန်းတာဝန်တွေကို ဆက်စပ်နေတဲ့ ဆပ်ကော်မတီတွေနဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တောင်ဘက်က တပေါင်းကွင်းမှာ ဖေဖော်ဝါရီ ၁၀ ရက်က စတင်ပြီး ကျင်းပမယ့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲကို လာရောက်လေ့လာကြသူတွေအတွက် ရေ၊ လျှပ်စစ်မီး၊ သန့်ရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှု စတဲ့လိုအပ်ချက်တွေ အားလုံးကို ဖြည့်ဆည်းပေးထားပြီး သက်သောင့်သက်သာ အဆင်ပြေချောမွေ့မှုရှိအောင် စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံကျော် အဆိုတော်တွေရဲ့ ဖျော်ဖြေရေး အစီအစဉ်တွေနဲ့လည်း အပန်းဖြေနိုင်ဖို့ ထည့်သွင်းထားပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအနေနဲ့လည်း ပလတ်စတစ်သုံးစွဲမှုမရှိအောင် စီစဉ်ဆောင်ရွက်ထားပါတယ်။

"ပစ္စည်းချင်းတူရင် စျေးနှုန်းသက်သာရမည်၊ စျေးနှုန်းချင်းတူရင် အရည်အသွေးပိုကောင်းရမည်" ဆိုတဲ့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၅ ခုတို့က ဒေသထွက် ကုန်ကြမ်းတွေကနေ ထုတ်လုပ်ခင်းကျင်း ရောင်းချထားတဲ့ MSME ထုတ်ကုန်တွေကို လာရောက်ကြတဲ့ ပြည်သူတွေအနေနဲ့ ဒေသအသီးသီးကို တကူးတက သွားစရာမလိုဘဲ တစ်နေရာတည်းမှာ အမယ်စုံလင်စွာ ရွေးချယ်ဝယ်ယူအားပေးနိုင်တဲ့ အခွင့်အလမ်းကို ရရှိမှာဖြစ်ပါတယ်။

**မေး ။ ။ လုပ်ငန်းရှင်တွေ အတွက် ဘယ်လိုအစီအစဉ်တွေ ရှိတယ်ဆိုတာလည်း သိပါရစေ။**

ဖြေ ။ ။ MSME လုပ်ငန်းရှင်တွေအနေနဲ့လည်း ပြခန်းတွေမှာ လေ့လာမှုအပေါ် အခြေခံပြီး ကိုယ့်ရဲ့ လုပ်ငန်းတွေ ဘယ်လိုတိုးတက်အောင် ဆောင်ရွက်ရမယ်ဆိုတာ သိမြင်လာမှာဖြစ်ပြီး ဒီလိုအပ်ချက်တွေကိုလည်း ဝန်ကြီးဌာနတွေကနေ သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းရှင်တွေ လိုအပ်တဲ့ ဝန်ဆောင်မှုတွေကို တစ်ထိုင်တည်းမှာ လက်တွေ့ကျကျ ဖြည့်ဆည်းဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

နိုင်ငံတကာ စျေးကွက်အထိ ထိုးဖောက်နိုင်ဖို့ စံအရည်အသွေးသတ်မှတ်ချက်တွေ ကိုက်ညီအောင် နည်းပညာပံ့ပိုးမှု၊ လုပ်ငန်းနဲ့ စီးပွားချိတ်ဆက်မှု၊ စီးပွားရေးသံမှူးတွေ၊ ပညာရှင်တွေထံကနေ အကြံဉာဏ်တွေ ဆွေးနွေးတောင်းခံနိုင်ဖို့ အစီအစဉ်တွေပါ ထည့်သွင်းထားရှိပါတယ်။

ပြီးတော့ အခြားဒေသက လုပ်ငန်းရှင်တွေရဲ့ ထုတ်ကုန်တွေကိုလည်း အချင်းချင်း သိရှိလေ့လာနိုင်မှာ ဖြစ်ပါတယ်။ ကိုယ့်ရဲ့ ထုတ်ကုန်တွေရဲ့ အရည်အသွေးကို မြှင့်တင်နိုင်ဖို့၊ စျေးကွက်ယှဉ်ပြိုင်မှုကို ပိုမိုမြှင့်တင်နိုင်ဖို့၊ ဒေသထွက် ကုန်ကြမ်းအပေါ် အခြေခံတဲ့ ထုတ်ကုန်အမယ်သစ်တွေ တိုးမြှင့်ထုတ်လုပ်နိုင်ဖို့ စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာ အမြင်သစ်တွေလည်း ရရှိလာမှာဖြစ်ပါတယ်။ တခြားဒေသက မိတ်ဆွေသစ်တွေ ပိုမိုတိုးပွားရရှိကြမယ်။ MSME ကွန်ရက်ချိတ်ဆက်မှုတွေ ပိုမိုအားကောင်းခိုင်မာလာမယ်။ ဒါကြောင့် MSME လုပ်ငန်းရှင်တွေအနေနဲ့ ကိုယ့်ရဲ့ လုပ်ငန်းတွေ လက်ရှိအခြေအနေထက် ပိုတိုးတက်အောင်မြင်စေဖို့ ဒီပြပွဲ ပြိုင်ပွဲပြီးတာနဲ့ သေချာပေါက် ဆက်လက်ဆောင်ရွက်နိုင်ကြမှာ ဖြစ်ပါတယ်။

**မေး ။ ။ ပြည်သူတွေသိရှိစေဖို့ ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ ။ ။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲကို လာရောက်လေ့လာကြသူတွေအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးကျေးဇူးတွေကို မလွဲဧကန်ရရှိမှာဖြစ်တဲ့အတွက် ပြည်သူတွေနဲ့ MSME လုပ်ငန်းရှင်တွေ အားလုံးကို လာရောက်လေ့လာ ကြည့်ရှုကြပါလို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ကြားလိုပါတယ်။

**တွေ့ဆုံမေးမြန်း - ဝင်းဝင်းမင်း**
**ဓာတ်ပုံ - ဖိုးပြည့်စုံ**



## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ပုသိမ်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ သွေးလှူရှင်များက စုပေါင်းသွေးလှူဒါန်းကြရာ အဖွဲ့မှတာဝန်ရှိသူများက သွေးလှူရှင်များကို အားပေးစကားပြောကြားပြီး စုပေါင်းသွေးလှူဒါန်းမှုကို ကြည့်ရှုအားပေးကာ သွေးလှူရှင်များအား အစားအစာ၊ ဆေးဝါးပစ္စည်းများနှင့် ငွေကျပ်တစ်သောင်းစီကို အဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေးအပ်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြည်ပညာရေးဒီဂရီကောလိပ်၌ ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကျင်းပ

**ပြည် ဖေဖော်ဝါရီ ၉**



ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ပြည်ပညာရေး ဒီဂရီကောလိပ် အားကစားခန်းမ၌ ယနေ့နံနက်က ၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ဦးစွာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က အမှာစကားပြောကြားပြီး ပထမနှစ်နှင့် ဒုတိယနှစ် ကျောင်းသား ကျောင်းသူများက စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအတွဲ အမှတ်(၁)နှင့်(၂)တို့ဖြင့် သရုပ်ပြတင်ဆက်ခြင်း၊ တတိယနှစ်နှင့် စတုတ္ထနှစ် ကျောင်းသား ကျောင်းသူများက စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲအမှတ်(၃)နှင့် (၄)တို့ဖြင့် သရုပ်ပြတင်ဆက်ခြင်း၊ စတုတ္ထနှစ် ကျောင်းသား ကျောင်းသူများက Fitness Dance တို့ဖြင့် ဖျော်ဖြေတင်ဆက်သည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ တက္ကသိုလ်ကောလိပ်ကျောင်းများမှ ပါမောက္ခချုပ်ကြီးများနှင့် ကျောင်းအုပ်ကြီးများ၊ ပြည်ပညာရေး ဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမင်းမင်းသိမ့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

## ချမ်းမြသာစည်မြို့နယ်၌ အိမ်ထောင်စုအမှတ်စဉ် သတ်မှတ်ခြင်း ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ဖေဖော်ဝါရီ ၇ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်(တောင်) ရပ်ကွက်သို့ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ အိမ်ထောင်စုအမှတ်စဉ် သတ်မှတ်ခြင်း၊ မိသားစုအမှတ်စဉ်သတ်မှတ်ခြင်းများကို မြေပြင်ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးလွင်၊ ခရိုင်ဦးစီးမှူး ဦးဇင်ထက်နှင့် မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်းတို့သည် ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်(တောင်)ရပ်ကွက်တွင် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ အိမ်ထောင်စုအမှတ်စဉ်သတ်မှတ်ခြင်း၊ မိသားစုအမှတ်စဉ်သတ်မှတ်ခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **မြို့နယ်(ပြန်/ဆက်)**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# စည်းလုံးညီညွတ်သောအားမာန်များဖြင့် သမိုင်းမှတ်တမ်းကောင်းများ ရေးထိုးကြပါစို့

............. မောင်ငြိမ်းအေး .............

မြန်မာနိုင်ငံသည် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် နှစ်ပေါင်းထောင်ချီ ရပ်တည်နေထိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် နှစ်ပေါင်းထောင်ချီ၍ တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော်သည် မရှိအတူရှိအတူ အေးအတူပူအမျှ စုပေါင်းနေထိုင်ခဲ့ကြသည်။ သို့သော် မြန်မာတို့သည် နှစ်ပေါင်း ၁၂၄ နှစ်ကြာ အချုပ်အခြာအာဏာ(ဝါ) လွတ်လပ်ရေးဆုံးရှုံးကာ အင်္ဂလိပ်နယ်ချဲ့လက်အောက်တွင် နှစ်ပေါင်း ၁၂၀ ကျော်၊ ဖက်ဆစ်ဂျပန်လက်အောက်တွင် သုံးနှစ်ခန့် သူ့ကျွန်ဖြစ်ခဲ့ရသည်။

❖ ၁၈၂၄ ခုနှစ်မှစတင်သည့် မြန်မာ့သမိုင်းသည် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းမှတ်တမ်းဖြစ်သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှ မျက်မှောက်ကာလ၊ ကမ္ဘာမြေပျက်သုဉ်းသည့်တိုင် မြန်မာ့သမိုင်းသည် မြန်မာတို့ပိုင်ဆိုင်သော အချုပ်အခြာအာဏာ (ဝါ) လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့်၊ ဆက်လက်ရေးထိုးရမည့် သမိုင်းမှတ်တမ်းဖြစ်သည်။ လွတ်လပ်ရေးတည်တံ့ခိုင်မြဲမှ မြန်မာတို့လက်တွင် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်။ မြန်မာနိုင်ငံ လွတ်လပ်နေသမျှ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲမည်။ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲ လွတ်လပ်နေလျှင် ပြည်ထောင်စုဖွား သွေးချင်းသားချင်း တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတို့ အမျိုးသားစည်းလုံးညီညွတ်မှု မပြိုမကွဲ တစ်သားတည်း စည်းလုံးနေနိုင်ကြပေမည်။ အေးချမ်းသာယာဝပြောသည့် လွတ်လပ်သောနိုင်ငံတော်တွင် စိတ်ချမ်းမြေ့စွာ နေထိုင်နိုင်ကြမည်

အင်္ဂလိပ်နယ်ချဲ့တို့၏ ကျူးကျော်စစ်ပွဲသုံးကြိမ်စလုံးတွင် တိုင်းရင်းသားပေါင်းစုံမျိုးချစ်များက ဇာတိသွေး၊ ဇာတိမာန်၊ သတ္တိဗျတ္တိအပြည့်ဖြင့် သမိုင်းပြောင်မြောက်စွာ နယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ဆုံးရှုံးခဲ့သည့် လွတ်လပ်ရေးကို ပြန်လည်ရရှိရန် ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ ၁၈၂၄ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ အသက်၊ သွေး၊ ချွေးပေါင်းများစွာ ရင်းနှီးပေးဆပ်ပြီး တွန်းလှန်တိုက်ခိုက်ခဲ့သည်။ လွတ်လပ်ရေးကို အမျိုးသားခေါင်းဆောင်များနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံး စုစည်းညီညွတ်သော၊ စည်းလုံးညီညွတ်သောအားမာန်များဖြင့် ရယူခဲ့ကြသည်။ ဤသို့ နှစ်ပေါင်း ၁၂၄ နှစ်တာကာလအတွင်း လွတ်လပ်ရေးအတွက် သမိုင်းမော်ကွန်းများ ရေးထိုးခဲ့ကြသည်။

## သမိုင်းမော်ကွန်းရေးထိုး

နယ်ချဲ့တော်လှန်ရေးစစ်ကြီး ပြီးဆုံးပြီးနောက် မြန်မာနိုင်ငံအား မဖြစ်မနေလွတ်လပ်ရေးပေးရတော့မည့်အချိန်ရောက်သောအခါ နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာလူထုကြီးတစ်ရပ်လုံးအား နောက်ခံအင်အားပြုထားသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ကို လန်ဒန်သို့ဖိတ်ခေါ်ကာ မြန်မာ့လွတ်လပ်ရေးအတွက် ဆွေးနွေးခဲ့ရသည်။ ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးစာချုပ် (ဝါ) အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံညီလာခံ၌ တိုင်းရင်းသားစုံ၊ ဒေသစုံပါဝင်သည့် တိုင်းရင်းသားလူထု ကိုယ်စားလှယ်ခေါင်းဆောင်များသည် ဘိုးဘွားဘီဘင်အမွေအနှစ်ဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ လွတ်လပ်ရေးကို ပင်လုံမြေတွင် အုတ်မြစ်ချခဲ့သည်။ စည်းလုံးညီညွတ်ခြင်း၏ သမိုင်းမော်ကွန်း မှတ်တမ်းရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။

၁၈၂၄ ခုနှစ်မှစတင်သည့် မြန်မာ့သမိုင်းသည် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းမှတ်တမ်းဖြစ်သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှ မျက်မှောက်ကာလ၊ ကမ္ဘာမြေပျက်သုဉ်းသည့်တိုင် မြန်မာ့သမိုင်းသည် မြန်မာတို့ပိုင်ဆိုင်သော အချုပ်အခြာအာဏာ (ဝါ) လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့်၊ ဆက်လက်ရေးထိုးရမည့် သမိုင်းမှတ်တမ်းဖြစ်သည်။ လွတ်လပ်ရေးတည်တံ့ခိုင်မြဲမှ မြန်မာတို့လက်တွင် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်။ မြန်မာနိုင်ငံ လွတ်လပ်နေသမျှ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲမည်။ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲ လွတ်လပ်နေလျှင် ပြည်ထောင်စုဖွား သွေးချင်းသားချင်း တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတို့ အမျိုးသားစည်းလုံးညီညွတ်မှု မပြိုမကွဲ တစ်သားတည်း စည်းလုံးနေနိုင်ကြပေမည်။ အေးချမ်းသာယာဝပြောသည့် လွတ်လပ်သော နိုင်ငံတော်တွင် စိတ်ချမ်းမြေ့စွာ နေထိုင်နိုင်ကြမည်ဖြစ်သည်။

## ကာကွယ်စောင့်ရှောက်

လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံသားများ စည်းလုံးညီညွတ်နေကြသည်နှင့်အမျှ ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက် သာယာဝပြောလာနိုင်ပေသည်။ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်လာမည့် အကျိုးစီးပွား အသီးအပွင့်များနှင့်ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းမှုရလဒ်အရသာများကို တိုင်းရင်းသားပြည်သူအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ခံစားနိုင်ကြပေမည်။ ထို့ကြောင့် ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးသော မြန်မာတို့သည် လွတ်လပ်ရေး ပြန်လည်ရရှိအောင် အသက်ပေး၍တိုက်ယူခဲ့ကြသည်။ လွတ်လပ်ရေးရရှိပြီးသည့်နောက် ကြုံတွေ့ရသမျှ အခက်အခဲ၊ အကျပ်အတည်း၊ ဒုက္ခသုက္ခမျိုးစုံတို့ကို လက်တွဲညီညီ ရင်ဆိုင်ဖြတ်ကျော်ရင်း နိုင်ငံတော်၏ အသက်ဝိညာဉ်ဖြစ်သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတစ်ခုလုံး လုံးဝလွတ်လပ်ရေးရပြီးသည့်အချိန်မှစ၍ နိုင်ငံတော်ဖြစ်တည်မှုနှင့် ပထဝီမြေအနေအထားအရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးတာဝန်များနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် တာဝန်များကို တပ်မတော်သည် ပြည်သူလူထုနှင့်အတူ လက်တွဲလျက် ထမ်းဆောင်ခဲ့သည်။ ခေတ်သမိုင်းအဆက်ဆက်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်သူများနှင့်အတူလက်တွဲကာ တစိုက်မတ်မတ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

## သမိုင်းပေးတာဝန်

လွတ်လပ်ရေးနှင့်အတူ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လာခဲ့သည်။ သမိုင်းကြောင်းအစဉ်အဆက်အရ ရှေးပဝေသဏီကာလများကတည်းက အတူတကွ ပေါင်းစည်းနေထိုင်ခဲ့ကြသည့် ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးမည့်အခြေအနေအမျိုးမျိုး ကြုံတွေ့ခဲ့ရသည်။ ပြည်နယ်များ၊ ဒေသများနှင့် စုပေါင်းတည်ဆောက်ထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် တပ်မတော်က အသက်၊ သွေး၊ ချွေးများ ပေးဆပ်ကာ ကာကွယ်စောင့်ရှောက်ခဲ့သည်။ တပ်မတော်သည် ခေတ်သမိုင်းအဆက်ဆက်တွင် ပြည်ထောင်စုကြီး ထိခိုက်ပျက်စီးစေနိုင်သော အခြေအနေများပေါ်ပေါက်လျှင် သမိုင်းပေးတာဝန်အရ တာဝန်ကျေပွန်စွာ ဆောင်ရွက်ခဲ့သည်။

တပ်မတော်သည် ဒီမိုကရေစီခရီးလမ်းကို လမ်းခင်းပုံဖော်ပေးခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့ခြင်းနှင့် အဆိုပါမဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အပြင် နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့်အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်သည် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်တာဝန် စတင်ထမ်းဆောင်စဉ် အစောပိုင်းကာလများ၌ ဆူပူဆန္ဒပြမှုများသာရှိခဲ့သော်လည်း နောက်ပိုင်းတွင် ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ပြည်ပမှသွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် အကြမ်းဖက်အဖွဲ့များ ဖွဲ့စည်းကာ နိုင်ငံအတွင်း လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နည်းလမ်းမျိုးစုံလုပ်ကိုင်လာကြသည်။ တိုင်းပြည်ပြိုကွဲပျက်စီးအောင် ပြည်ပမှသွေးထိုးလှုံ့ဆော် မြှောက်ပင့်ထောက်ပံ့အားပေးမှုများဖြင့် ပြည်တွင်းမှ အမျိုးသားသစ္စာဖောက်များနှင့် အကြမ်းဖက်အဖျက်သမားများက အဖျက်လုပ်ရပ်များ လုပ်ကိုင်ဆောင်ရွက်နေကြသည်။

## အသိအမှတ်ပြုဂုဏ်ယူ

တပ်မတော်အနေဖြင့် အဆိုပါ တိုင်းဆူပြည်ဖျက်ဖြစ်စဉ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့သည်။ အစဉ်အဆက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်၏ အဓိက ကာကွယ်ရေးအင်အားစုဖြစ်သည့် တပ်မတော်နှင့် ပြည်သူကို သွေးကွဲအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။ တိုင်းပြည်ပြိုကွဲပျက်စီးအောင် ကြံစည်အားထုတ်လျက်ရှိသည်။ တိုင်းပြည်တွင် မည်သို့သော အခြေအနေရှိသည်ဖြစ်စေ တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ဆောင်ရွက်နေမှုများအပေါ် နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားများက အသိအမှတ်ပြု ဂုဏ်ယူကြသည်။

လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သည့် ထိုးနှက်တိုက်ခိုက်မှုများကြားတွင် တပ်မတော်အနေဖြင့် စစ်မှန်သည့် အမျိုးသားရေးတာဝန်ကိုသာ ရှေးရှုပြီး တိုင်းပြည်နှင့် လူမျိုးအကျိုးကို သယ်ပိုးခဲ့သည်မှာ သမိုင်းကြောင်း သက်သေများရှိခဲ့ပြီးဖြစ်သည်။ **"ယခု မိမိတို့တပ်မတော်၏ နိုင်ငံ့အရေးတာဝန်များကို ထမ်းဆောင်နေမှုများသည် သမိုင်းများပင်ဖြစ်သဖြင့် သမိုင်းမှတ်တမ်းကောင်းကို ရေးထိုးနိုင်ရမည်ဖြစ်ကြောင်း၊** *စာမျက်နှာ ၁၇ သို့*

**"နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အပြစ်မဲ့ပြည်သူများ အသက်ခန္ဓာဆုံးရှုံးခဲ့ကြရသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားသည့် လမ်း၊ တံတားများ၊ စက်ရုံ၊ အလုပ်ရုံများ၊ အဆောက်အအုံများ များစွာပျက်စီးဆုံးရှုံး ထိခိုက်ခဲ့ရသည်။ ထိုကဲ့သို့ တိုက်ခိုက်ဖျက်ဆီးမှုများကြောင့် နိုင်ငံတော်အနေဖြင့် ထိခိုက်နစ်နာရသကဲ့သို့ ပြည်သူတစ်ဦးချင်းအနေဖြင့်လည်း လူမှုစီးပွားဘဝများ ထိခိုက်နစ်နာဆုံးရှုံးခဲ့ရသည်။ နိုင်ငံတော်ထိခိုက်ပျက်စီးခြင်းကြောင့် ပြည်သူများလည်း ထိခိုက်ပျက်စီးစေပြီး ပြည်သူများ ထိခိုက်ပျက်စီးပါကလည်း နိုင်ငံတော်ထိခိုက်ပျက်စီးခြင်းသာဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူကို တပ်မတော်က အသက်ပေးကာကွယ်စောင့်ရှောက်လျက်ရှိ"**

# နှင်းရည်ဆွတ်ဖျန်း ပွင့်ပန်းစုံညီ

❊ ပြည်ထောင်စုနေ့ မမေ့အမှန်ပင်
ညီညာစည်းလုံး ပေါင်းရုံးလို့ပျော်ရွှင်
မြန်ပြည်တစ်ခွင် ပျော်ရွှင်ချစ်ခြင်း
လက်တွဲညီညီရှိခဲ့သည်
တူညီစိတ်ထား မယွင်းသည်နှင့်လေး။

❊ ပင်လုံမှာခင်းကျင်း စိတ်ချင်းညီနေ
လွတ်လပ်သည့်ပွဲ ဆင်နွှဲအတူပေ
နှစ်ပေါင်းကြာရှည် မြန်ပြည်တစ်ဝန်း
လက်ကမ်းဆင့်စေသည်အမွေ
မျှဝေအတူ ထမ်းသည်နှင့်လေး။

❊ နှင်းရည်ဆွတ်ဖျန်း ပွင့်ပန်းစုံညီ
ဖြိုင်ဖြိုင်ပွင့်ကြ လှပစီရရီ
တင့်လှချယ်ရီ ဂုဏ်ရည်ဆင့်တိုး
ပန်းဂေါ်သဇင်နှော် ဝင့်ကာမော်
ဆွေဖော်အတူ ပျိုးသည်နှင့်လေး။

❊ မဖက်ကိုယ်ကျိုး အမျိုးတွက်အစဉ်သာ
စွန့်လွှတ်စွန့်စား သားကောင်းစစ်သည်ပါ
စောင့်ထိန်းချုပ်ခြာ ကာကွယ်မနေး
ပြည်သူနှင့်လျှင် တူနွဲ့ယှဉ်
အစဉ်အောင်ပန်း မွေးသည်နှင့်လေး။

❊ အရေးသုံးပါး အလေးထားဦးရွက်သည်။

❊ ပြည်ထောင်စုကြီး ခိုင်ဖြိုးအစွန့်ရှည်မည်။

**ဘိုမျိုး(ရွှေဘို)**

စာမျက်နှာ ၁၆ မှ

လက်ရှိပြည်တွင်း၊ ပြည်ပအန္တရာယ်များ၊ ဝင်ရောက်စွက်ဖက်မှုများနှင့် ကြုံတွေ့နေရချိန်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသူများအားလုံး၏ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကိုလည်း မိမိအနေဖြင့် အသိအမှတ်ပြုဂုဏ်ပြုပါကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇန်နဝါရီလ ၁၀ ရက်နေ့တွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

### အသက်ပေးကာကွယ်

နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အပြစ်မဲ့ပြည်သူများ အသက်ခန္ဓာဆုံးရှုံးခဲ့ကြရသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားသည့် လမ်း၊ တံတားများ၊ စက်ရုံ၊ အလုပ်ရုံများ၊ အဆောက်အအုံများ များစွာပျက်စီးဆုံးရှုံး ထိခိုက်ခဲ့ရသည်။ ထိုကဲ့သို့ တိုက်ခိုက်ဖျက်ဆီးမှုများကြောင့် နိုင်ငံတော်အနေဖြင့် ထိခိုက်နစ်နာရသကဲ့သို့ ပြည်သူတစ်ဦးချင်းအနေဖြင့်လည်း လူမှုစီးပွားဘဝများ ထိခိုက်နစ်နာဆုံးရှုံးခဲ့ရသည်။ နိုင်ငံတော်ထိခိုက်ပျက်စီးခြင်းကြောင့် ပြည်သူများလည်း ထိခိုက်ပျက်စီးစေပြီး ပြည်သူများ ထိခိုက်ပျက်စီးပါကလည်း နိုင်ငံတော်ထိခိုက်ပျက်စီးခြင်းသာဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူကို တပ်မတော်က အသက်ပေးကာကွယ်စောင့်ရှောက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်ကတည်းကပင် နိုင်ငံတော်အကျိုးစီးပွားကို ရှေးရှု၍ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာအောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးဖြစ်သည်။ ရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအပါအဝင် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ လွတ်လပ်၍ တရားမျှတပြီး သိက္ခာရှိသော ရွေးကောက်ပွဲတစ်ရပ်ဖော်ဆောင်နိုင်ရေး ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်သည်။

### ထိန်းသိမ်းတည်ဆောက်

ယခုကာလ၌ ပေါ်ပေါက်လျက်ရှိသည့် အကြမ်းဖက်ဖြစ်စဉ်များနှင့်ပတ်သက်၍ ပြည်သူလူထု၊ အစိုးရ၊ တပ်မတော်တို့၏ ပေါင်းစည်းအား၊ ညီညွတ်သောအင်အားများဖြင့် ကာကွယ်ရှင်းလင်းဖယ်ရှားကြရမည်ဖြစ်ပြီး ဒေသအသီးသီး၌ အကြမ်းဖက်တိုက်ခိုက်မှုများမရှိစေရေး၊ လက်နက်ကိုင်၍ ပြည်သူလူထုကို အနိုင်ကျင့်မှုများမရှိစေရေး၊ နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးတာဝန်များကို စည်းလုံးညီညွတ်မှုအင်အားများဖြင့် သမိုင်းမှတ်တမ်းကောင်းများ ရေးထိုးနိုင်ကြလိမ့်မည်ဟု ယုံကြည်ထားသည်။ မျက်မှောက်ကာလသည် လွတ်လပ်သော မြန်မာနိုင်ငံတော်ကြီး လွတ်လပ်သောနိုင်ငံများတန်းတူ ဖွံ့ဖြိုးတိုးတက်လာရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက် တည်ဆောက်နေသောကာလဖြစ်သည်။

### သမိုင်းသက်သေများ

အစွန့်ရှည်တည်တံ့ခိုင်မြဲလာခဲ့သော မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် နိုင်ငံတော်ကြီးတည်တံ့ခိုင်မာရေးအတွက် ဘိုးဘွားဘီဘင်များ သွေးနှင့်ရေးထိုးခဲ့သော သမိုင်းမှတ်တမ်းကောင်းများ၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အသက်၊ သွေး၊ ချွေးပေးဆပ်ပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့သော သမိုင်းမှတ်တမ်းကောင်းများသည် ယနေ့ထက်တိုင် မော်ကွန်းတင်ထားဆဲဖြစ်သည်။ ဂုဏ်ယူအမှတ်တရရှိနေဆဲဖြစ်သည်။ ခေတ်အဆက်ဆက်တွင် နိုင်ငံရေးအရ၊ စစ်ရေးအရဖြစ်ပေါ်လာသည့် ပြည်တွင်း၊ ပြည်ပအန္တရာယ်များကြား၌ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် စွန့်လွှတ်စွန့်စားခြင်းများစွာဖြင့် ပေးအပ်သောတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့မှုများ၊ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် ပြည်တွင်းသောင်းကျန်းမှုများ၊ ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲကြောင့် ဖြစ်ပေါ်လာသော ထိုးနှက်တိုက်ခိုက်မှုများကြားတွင် တပ်မတော်သည် စစ်မှန်သည့်အမျိုးသားရေးတာဝန်ကိုသာရှေးရှုပြီး တိုင်းပြည်နှင့် လူမျိုးအကျိုးကို သယ်ပိုးခဲ့သည့် သမိုင်းသက်သေများရှိခဲ့ပြီးဖြစ်သည်။

အဆိုပါ သမိုင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း ကာကွယ်ဆောင်ရွက်သွားရမည့်တာဝန်သည် တပ်မတော်သာမက နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးသော နိုင်ငံသူ နိုင်ငံသားများအားလုံး၏ သမိုင်းပေးတာဝန်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကိုမရိုင်းအောင်၊ သမိုင်းပေးတာဝန်ကိုကျေပွန်အောင် ထမ်းဆောင်နိုင်ကြရန်အတွက် စုစည်းညီညွတ်သော၊ စည်းလုံးညီညွတ်သော၊ စိတ်ဝမ်းမကွဲပြားသော စိတ်ဓာတ်အားမာန်များဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အနာဂတ်သမိုင်းကြောင်းကောင်းအောင် ဆက်လက်ရေးထိုးကြပါစို့ဟု တိုက်တွန်းအပ်ပါကြောင်း။ ။

## ဘားအံမြို့ရှိ ဆီစက်လုပ်ငန်းရှင်များ သမဝါယမအသင်းလီမိတက်သို့ ကွင်းဆင်းကြည့်ရှု

**ဘားအံ ဖေဖော်ဝါရီ ၉**

ကရင်ပြည်နယ်၊ ဘားအံမြို့ပေါ်ရှိ ဆီစက်လုပ်ငန်းရှင်များ သမဝါယမအသင်းလီမိတက်၏ ဆီစက်လုပ်ငန်းသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေရယူ၍ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးပွင့်သည် တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထိုသို့ ကွင်းဆင်းရာတွင် ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးက ဆီထွက်သီးနှံကုန်ကြမ်းများကို စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများနှင့် ချိတ်ဆက်ဝယ်ယူနိုင်ရေး၊ ထွက်ရှိလာသောကုန်ချောများကို ပြည်နယ်အတွင်းရှိ ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ရေးတို့အတွက် ချိတ်ဆက်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မော်ဘီမြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်

**မော်ဘီ ဖေဖော်ဝါရီ ၉**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် အမှတ်(၂)ရပ်ကွက် နတ်စင်လမ်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယမန်နေ့က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဦးက ကွန်ကရစ်လမ်း အကောင်အထည်ဖော် ဆောင်ရွက်ထားမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးခင်ဦးတို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ အဆိုပါ ကွန်ကရစ်လမ်းသည် လမ်းအရှည် ၁၆၈၈ ပေ၊ အကျယ် ၁၈ ပေ၊ ဒု ကိုးလက်မရှိကာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၀၀ ဒသမ ၈၇၂ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **ဝင်းဇော်(မော်ဘီ)**





## ဒဂုံတက္ကသိုလ်၌ (၁၇) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ဒဂုံတက္ကသိုလ် ကြက်ခြေနီအသင်းခွဲမှ ဦးဆောင်ကျင်းပသည့် (၁၇)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၇ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ် (ဥပဒေပညာဌာန)၌ ကျင်းပခဲ့သည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ မြန်မာနိုင်ငံ ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တပ်ဖွဲ့မှူးချုပ် ဦးကျော်မိုးကြည်၊ တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်ငွေ၊ ဒဂုံတက္ကသိုလ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဒေါက်တာအေးမြတ်မွန်၊ သွေးဘဏ်မှ ဒေါက်တာသီတာအောင်နှင့် တာဝန်ရှိသူများက စုပေါင်းသွေးလှူဒါန်းမှုကို ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းကြသူများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။ **အေးမဥ္ဇူ**

# ၂၀၃၂ ခုနှစ်တွင် ဂြိုဟ်သိမ်တစ်ခု ကမ္ဘာကိုဝင်တိုက်ရန် အလားအလာ ၂ ဒသမ ၂ ရာခိုင်နှုန်းရှိ

**ပါရီ ဖေဖော်ဝါရီ ၉**

မကြာသေးမီက တွေ့ရှိခဲ့သည့် ရှာဖွေတွေ့ရှိမှုအရ ဂြိုဟ်သိမ်တစ်ခုသည် ကမ္ဘာကိုဝင်တိုက်ရန် အလားအလာ ၂ ဒသမ ၂ ရာခိုင်နှုန်းရှိသည်ဟု ဥရောပအာကာသအေဂျင်စီက ပြောသည်။

**ဒီဇင်ဘာ ၂၇ ရက်က ရှာဖွေတွေ့ရှိခဲ့**

၂၀၂၄ ဝိုင်အာ ၄ ဟု အမည်ပေးထားသည့် ဂြိုဟ်သိမ်ကိုလွန်ခဲ့သည့်နှစ် ဒီဇင်ဘာ ၂၇ ရက်က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါဂြိုဟ်သိမ်သည် ၄၀မှ ၉၀ မီတာအထိ ကျယ်ဝန်းသည်ဟု ခန့်မှန်းထားသည်။

**လေ့လာဆန်းစစ်မှုများ လုပ်ဆောင်လျက်ရှိ**

နောက်ဆက်တွဲ လေ့လာဆန်းစစ်မှုများကို နက္ခတ္တဗေဒပညာရှင်များက လုပ်ဆောင်လျက်ရှိသည်။ ၂၀၃၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ကမ္ဘာမြေသို့ ဂြိုဟ်သိမ်ကျရောက်နိုင်ခြေ ၂ ဒသမ ၂ ရာခိုင်နှုန်းရှိသည်ဟု ၎င်းတို့က ပြောသည်။

ဥရောပအာကာသအေဂျင်စီသည် ကမ္ဘာမြေသို့ ချဉ်းကပ်နိုင်သည့် ဂြိုဟ်သိမ် ၁၇၀၀ ကျော်ကို ခြေရာခံခဲ့သည်။ ၂၀၂၄ ဝိုင်အာ ၄ ဂြိုဟ်သိမ်မှာ လက်ရှိတွင် အန္တရာယ်အရှိဆုံးစာရင်းထိပ်ဆုံးတွင် ရှိသည်။

ဤမျှအရွယ်အစားရှိသော ဂြိုဟ်သိမ်သည် ဒေသတစ်ခုကို ဆိုးဆိုးရွားရွား ပျက်စီးစေနိုင်ကြောင်း ဥရောပအာကာသအေဂျင်စီက ပြောသည်။ ဂြိုဟ်သိမ်ဂြိုဟ်မွှားများကို ရေရှည်ကြည့်ရှုလေ့လာခြင်းဖြင့် နက္ခတ္တဗေဒပညာရှင်များသည် ၎င်းတို့၏ လမ်းကြောင်းများကို သဘောပေါက်လာပြီး ထိခိုက်မှုများကို ရှောင်ရှားနိုင်ရန် အခွင့်အရေးရှိကြောင်း ဥရောပအာကာသအေဂျင်စီက ပြောသည်။

**ကာကွယ်ရေးအစီအမံများ လေ့လာ**

နိုင်ငံအသီးသီးသည် ဂြိုဟ်သိမ်ဂြိုဟ်မွှား ကျရောက်ခြင်းအတွက် ဖြစ်နိုင်ခြေရှိသည့် ကာကွယ်ရေးအစီအမံများကို လေ့လာနေကြသည်။

**လမ်းကြောင်းပြောင်းနိုင်မည့် စမ်းသပ်မှုကို လုပ်ဆောင်ခဲ့**

၂၀၂၂ ခုနှစ်တွင် အမေရိကန်အာကာသအေဂျင်စီ



နာဆာသည် အာကာသယာဉ်ကို အသုံးပြုပြီး ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခုကို လမ်းကြောင်းပြောင်း နိုင်မည့် စမ်းသပ်မှုကို လုပ်ဆောင်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာနိုင်ငံ၌ တစ်နိုင်ငံလုံး လျှပ်စစ်မီး ပြတ်တောက်မှု ဖြစ်ပွား

**ကိုလံဘို ဖေဖော်ဝါရီ ၉**

သီရိလင်္ကာနိုင်ငံတစ်ဝန်း ဖေဖော်ဝါရီ ၉ ရက်က လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု ဖြစ်ပွားပြီးနောက် ဓာတ်အားပြန်လည်ရရှိရန် လုပ်ဆောင်နေကြောင်း နိုင်ငံပိုင် လျှပ်စစ်ထုတ်လုပ်ရေးနှင့် ဓာတ်အားပေးရေးဘုတ်အဖွဲ့ (စီအီးဘီ) က ထုတ်ပြန်သည်။

သီရိလင်္ကာနိုင်ငံ အနောက်ပိုင်းပြည်နယ်ရှိ ပါနာဒူရာလျှပ်စစ်ဓာတ်အားခွဲရုံတွင် အရေးပေါ် ပြဿနာဖြစ်ပေါ်မှုကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း ဖြစ်ကြောင်း အဆိုပါအဖွဲ့က ဆိုသည်။

ဓာတ်အားခွဲရုံအတွင်း မျောက်အုပ် ဝင်ရောက်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သီရိလင်္ကာ စွမ်းအင်ဝန်ကြီး ကူမာရာဂျာရာကိုဒီက ပြောကြားခဲ့ကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။



တစ်ချိန်တည်းတွင် အမျိုးသား ရေပေးဝေရေးဘုတ်အဖွဲ့က လည်း လျှပ်စစ်ဓာတ်အား အပြည့်အဝ ပြန်လည်ရရှိသည်အထိ ရေကို ချွေတာသုံးစွဲရန် ပြည်သူများအား တိုက်တွန်းထားသည်။

သီရိလင်္ကာနိုင်ငံသည် ဓာတ်အားခွဲရုံများတွင် ပြဿနာဖြစ်ပေါ်မှုများကြောင့် မကြာသေးမီနှစ်များအတွင်း နိုင်ငံတစ်ဝန်း ဓာတ်အားပြတ်တောက်မှု အကြိမ်ရေများစွာ ကြုံတွေ့ခဲ့ရသည်။

**ဆင်ဟွာ**

# အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုအရ အစ္စရေးတပ်ဖွဲ့များ ဂါဇာအဓိကနေရာများမှ ဆုတ်ခွာ

**ဂျေရုဆလင် ဖေဖော်ဝါရီ ၉**

အစ္စရေး - ဟားမားစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အစ္စရေးတပ်ဖွဲ့များ ဂါဇာကမ်းမြောင်၏ အဓိကနေရာမှ ဇန်နဝါရီလကစတင်၍ ဆုတ်ခွာလျက်ရှိကြောင်း အစ္စရေးအစိုးရ အရာရှိတစ်ဦးက ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြားသည်။

ဖေဖော်ဝါရီ ၉ ရက် ညနေပိုင်းတွင် ဂါဇာကမ်းမြောင်ရှိ နတ်ဇာရမ်စင်္ကြံဒေသမှ အစ္စရေးတပ်ဖွဲ့ဝင်များ၏ ဆုတ်ခွာမှုပြီးဆုံးဖွယ်ရှိကြောင်း သိရသည်။

အစ္စရေးနှင့် ဟားမားစ်တို့အကြား ၄၂ ရက်ကြာ အပစ်အခတ်ရပ်စဲရေးသည် ဇန်နဝါရီ ၁၉ ရက်က စတင်အသက်ဝင်ခဲ့သည်။ ယင်းသဘောတူညီချက်အရ အစ္စရေးနိုင်ငံက ၎င်းတို့၏တပ်ဖွဲ့များကို ထိုဒေသမှ ဆုတ်ခွာရန်ကတိပြုထားသည်။

ကာတာ၊ အီဂျစ်နှင့် အမေရိကန်တို့ ကြားဝင်စေ့စပ်ညှိနှိုင်းမှုများအရ ဖြစ်ပေါ်လာသည့် နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု၏ ဒုတိယအဆင့်အဖြစ် ဓားစာခံများနှင့် ပါလက်စတိုင်းအကျဉ်းသားများ ထပ်မံလွှတ်ပေးရေးကို ဆက်လက်လုပ်ဆောင်သွားဖွယ်ရှိသည်။

**ဆင်ဟွာ**

# အာဖဂန်နစ္စတန်အာဏာပိုင်များက နိုင်ငံမြောက်ပိုင်းတွင် မြို့သစ်တည်မည်

**ခွန်ဒူးစ် ဖေဖော်ဝါရီ ၉**

အာဖဂန်နစ္စတန်နိုင်ငံ အာဏာပိုင်များသည် နိုင်ငံမြောက်ပိုင်း ခွန်ဒူးစ်ပြည်နယ်တွင် မြို့သစ်ဆောက်လုပ်ရန် အုတ်မြစ်ချပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြို့သစ်ကို ၃၅ ဧက ကျယ်ဝန်းသော မြေပေါ်တွင် နှစ်နှစ်အတွင်း ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၂၈ သန်း ကုန်ကျမည်ဖြစ်ကြောင်း၊ အဆိုပါမြို့သစ်တွင် ဈေးများ၊ စာသင်ကျောင်းများ၊ ကျန်းမာရေးစင်တာများအပါအဝင် ခေတ်မီအဆောက်အအုံများ ပါဝင်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးကုမ္ပဏီ အကြီးအကဲ မောလဝီအက်ဒူးလ်ဂါဖောရှာဟစ်ဇိုင်းက ၎င်း၏အဖွင့်အမှာစကားတွင် ပြောကြားခဲ့သည်။

ထို့ပြင် ယင်းစီမံကိန်းကို စတင်လိုက်ခြင်းက လူပေါင်း ရာနှင့်ချီကို အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်ပြောသည်။ အခြားတစ်ဖက်တွင် အာဖဂန်နစ္စတန်နိုင်ငံ အစိုးရသည် နိုင်ငံအနောက်ပိုင်း နင်းမ်ရှော့ဇ်ပြည်နယ်တွင် ခုတင် ၁၀၀ ဆံ့ ဆေးရုံတစ်ရုံကို ဖွင့်လှစ်ခဲ့ကြောင်းနှင့် အိမ်မ်နီးချင်း ဟီရတ်ပြည်နယ်တွင် မပြီးပြတ်သေးသော လျှပ်စစ်ဓာတ်အား စီမံကိန်းလေးခုအတွက် လုပ်ငန်းများစတင်ခဲ့ကြောင်း သိရသည်။

စစ်ဘေးသင့် အာဖဂန်နစ္စတန်နိုင်ငံကို ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် အာဖဂန်အိမ်စောင့်အစိုးရသည် နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံကြရန်နှင့် ပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရန် ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းရှင်များကို တောင်းဆိုကာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအဆောက်အအုံ စီမံကိန်းများစွာကို စတင်ခဲ့သည်။ **ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံက ၂၀၂၅ ခုနှစ်တွင် အုန်းပင် ၂ ဒသမ ၅ သန်း စိုက်ပျိုးမည်

**ကိုလံဘို ဖေဖော်ဝါရီ ၉**

သီရိလင်္ကာ အုန်းသီးစိုက်ပျိုးရေးဘုတ်အဖွဲ့က ၂၀၂၅ ခုနှစ်တွင် အုန်းပင် ၂ ဒသမ ၅ သန်း စိုက်ပျိုးသွားရန် ပစ်မှတ်ထား လုပ်ဆောင်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၉ ရက်တွင် ပြောသည်။

သီရိလင်္ကာနိုင်ငံ၏ အုန်းအဓိက စိုက်ပျိုးရာဒေသဖြစ်သည့် မြောက်ပိုင်း အုန်းစိုက်ပျိုးရာတြိဂံဒေသတွင် အုန်းပင် ၂ ဒသမ ၅ သန်းအနက် အုန်းပင်တစ်သန်းကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

သီရိလင်္ကာနိုင်ငံသည် တစ်နှစ်လျှင် အုန်းသီးအလုံးရေ သုံးဘီလီယံခန့် ထုတ်လုပ်ခဲ့သော်လည်း ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း အုန်းသီးထုတ်လုပ်မှု ၂ ဒသမ ၈၅ ဘီလီယံအထိ ကျဆင်းသွားခဲ့သည်။ **ဆင်ဟွာ**

# ဂါဇာတွင် ဓားစာခံအဖြစ် ဖမ်းဆီးခံရသည့် ထိုင်းနိုင်ငံသား ငါးဦး မိသားစုနှင့်ပြန်လည်ပေါင်းစည်း

**ဘန်ကောက် ဖေဖော်ဝါရီ ၉**

ဂါဇာကမ်းမြောင်ဒေသတွင် ဓားစာခံအဖြစ် ဟားမားစ်တို့ဖမ်းဆီးခြင်းကိုခံခဲ့ရသော ထိုင်းအလုပ်သမားငါးဦး ထိုင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီဖြစ်ကြောင်း သိရသည်။ ဇန်နဝါရီ ၁၉ ရက်တွင် စတင်ခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုအရ ဟားမားစ်တို့သည် ဓားစာခံများကို ပြန်လွှတ်ပေးလျက်ရှိသည်။ အဆိုပါထိုင်းလုပ်သားငါးဦးမှာ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံခဲ့ရသည်။

အပစ်အခတ်ရပ်စဲရေး မူဘောင်အောက်တွင် အဆိုပါ ထိုင်းလုပ်သားငါးဦးမှာ လွန်ခဲ့သည့်လအတွင်းက ပြန်လည်လွတ်မြောက်လာခဲ့သည်။ ၎င်းတို့သည် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက ဘန်ကောက်မြို့အနီး လေဆိပ်တွင် ၎င်းတို့၏မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းနိုင်ပြီဖြစ်သည်။

အဆိုပါ ထိုင်းလုပ်သားငါးဦးစလုံးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း ထိုင်းအစိုးရက ပြောသည်။ ဟားမားစ်တို့၏တိုက်ခိုက်မှုကြောင့် ထိုင်းလုပ်သား ၄၆ ဦး သေဆုံးခဲ့သည်။ ယခုအချိန်အထိ ဟားမားစ်တို့ ဖမ်းဆီးခံရပြီး ပြန်လည်လွတ်မြောက်လာသည့် ထိုင်းနိုင်ငံသား ၂၈ ဦး ရှိပြီဖြစ်သည်။

ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသည့် ထိုင်းနိုင်ငံသားတစ်ဦး ကျန်ရှိနေဆဲဖြစ်ပြီး ၎င်းလွတ်မြောက်ရေးအတွက် ကြိုးပမ်းပေးရန် သက်ဆိုင်ရာနိုင်ငံများကို ထိုင်းအစိုးရက တောင်းဆိုထားသည်။ **အင်န်အိတ်ချ်ကေ**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၇၉၈၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဖေဖော်ဝါရီ ၈ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Dagon Tawwin Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။






ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စဉ့်ကိုင်ကတ္တားအကျော့်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၂၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Dutro Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၁၂၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြောင်းမြခရိုင်အတွင်း၌ တရားမဝင်အခြားသစ် ၁ ဒသမ ၇၆၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၁၇၅) ကို သစ်တာဥပဒေအရလည်းကောင်း၊ ဟင်္သာတမြို့နယ် သုံးပင်ကွင်းရပ်ကွက်၌ လိုင်စင်မဲ့ JLM 110 မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၉၁၇၅ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မုံရွာမြို့ မင်းဒေါင့်ဆိပ်ကမ်းအနီး၌ တရားမဝင်အခြားသစ် ၇ ဒသမ ၈၉၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၈၈၇၃၆) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၇၈၈၇၃၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၁၄၆ တန်၊ သစ်မာ ၁၃ ဒသမ ၉၉၈ တန်၊ အခြားသစ် ၉ ဒသမ ၁၀၄ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၈၄၀၇၅ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ(၁၃) မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၅၃၆၅၈၆) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် သိသာစွာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## သာစည်မြို့နှင့် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၅ ရက် ည ၉ နာရီခွဲတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု ကျွဲတပ်ဆုံ ကျေးရွာအနီးတွင် SCANIA အမျိုးအစား EXPRESS ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် မလှလှရီ၏ လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင်ကျပ် ၁၅၀၀ နှုန်းဖြင့် သိန်း ၄၅၀) ကိုလည်းကောင်း၊ ထို့အတူ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ရွှေပင်ရပ်ကွက်ရှိ ရဲထွန်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၂၀ (တစ်ပြားလျှင်ကျပ်၂၀၀၀ နှုန်းဖြင့် ၁၂၈ ဒသမ ၄ သိန်း) ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## EJU စာမေးပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

၂၀၂၅ ခုနှစ် ဇွန်လ၌ ကျင်းပမည့် EJU (Examination for Japanese University Admission for International Students) စာမေးပွဲကို ဇွန် ၁၅ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

စာမေးပွဲလျှောက်လွှာကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ မတ် ၆ ရက်အထိ (အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ) နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအတွင်း ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလာလမ်း Snow Garden Housing 2B-(4) ရှိ MAJA Head Office (Yangon) ဖုန်း ၀၉၂၆၂၆၀၂၂၂ သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် မန္တလေးမှ လျှောက်လွှာများကို ချမ်းမြသာစည်မြို့နယ် မင်္ဂလာ မန္တလေး Block 1, Unit 6 ရှိ MAJA office Mandalay ဖုန်း ၀၉၂၅၅၁၆၂၅၃၃ သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

စာမေးပွဲတွင် ရွေးချယ်ဖြေဆိုနိုင်မည့် ဘာသာရပ်များမှာ သိပ္ပံတွဲတွင် Japanese as a Foreign Language, Science, Mathematics နှင့် ဝိဇ္ဇာတွဲတွင် Japanese as a Foreign Language, Japan and the World, Mathematics တို့ပါဝင်သည်။

လျှောက်လွှာတွင် ဖြည့်သွင်းသည့် အချက်အလက်များအား တိကျမှန်ကန်စွာ ဖြည့်သွင်းပြီး လာရောက်တင်သွင်းရမည်ဖြစ်ကာ လျှောက်လွှာတင်ပြီးပါက အချက်အလက်များအား ပြန်လည်ပြင်ဆင်နိုင်မည် မဟုတ်ကြောင်း၊ မိမိလျှောက်လွှာတင်ခဲ့သည့် ဘာသာရပ်အတိုင်းသာ ဖြေဆိုခွင့်ရရှိမည်ဖြစ်ကြောင်း စာမေးပွဲကျင်းပရေးကော်မတီ မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်းက အသိပေးကြညာထားသည်။

**မျိုးမင်းသူရ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Tun Tun Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်နေ ထွန်းထွန်းဝင်း(ခ)စာဂဲလ်ကူးမားအား နံနက် ၉ နာရီ မိနစ် ၂၀ တွင် အောင်မြေသာစံမြို့နယ် အမှတ်(၅) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

မိတိုမာ၊ ရွတ်တားနှင့် ဝဲလ်ဘတ်တို့၏ တိုက်စစ်အစုအဖွဲ့ကို ချယ်ဆီးအသင်း ခံစစ်ပွဲချိန်ပြည့် ဟန့်တားနိုင်စွမ်းမရှိဘဲ သွင်းဂိုးများ ခွင့်ပြုပေးခဲ့ရသည်။ ပွဲအစ ငါးမိနစ်တွင် ဘရိုက်တန်အသင်း ဂိုးသမား ဗာဘရုဂန်ကိုယ့်ဂိုး ကိုယ်သွင်းယူမိခဲ့၍ ချယ်ဆီးအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။

ဘရိုက်တန်အသင်းက ချေပဂိုးရရှိရေး ကြိုးပမ်းလာခဲ့ရာ ပွဲကစားချိန် ၁၂ မိနစ်တွင် ရရှိခဲ့ပြီး ရွတ်တားက သွင်းယူပေးခဲ့သည်။ ဘရိုက်တန်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲကစားချိန် ၅၇ မိနစ်တွင် မိတိုမာက သွင်းယူပေးခဲ့သည်။

ထို့နောက်တွင် နှစ်သင်းစလုံး လူစားလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ဘရိုက်တန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။

အက်ဖ်အေ ဖလားပြိုင်ပွဲ စတုတ္ထအဆင့်မှ အခြားပွဲစဉ်ရလဒ်များတွင် နယူးကာဆယ်က ဘာမင်ဂမ်ကို သုံးဂိုး-နှစ်ဂိုး၊ ဖူလ်ဟမ်က ဝီဂန်ကို နှစ်ဂိုး-တစ်ဂိုး၊ မန်စီးတီးက လေတန်ကို နှစ်ဂိုး-တစ်ဂိုး၊ ဘုန်းမောက်က အဲဗာတန်ကို နှစ်ဂိုး - ဂိုးမရှိ၊ ဘန်လေက ဆောက်သမ်တန်ကို တစ်ဂိုး - ဂိုးမရှိ၊ မီဝေါလ်က လိဒ်စ်ကို နှစ်ဂိုး-ဂိုးမရှိ၊ အစ်ဆွစ်က ကိုဗင်ထရီကို လေးဂိုး- တစ်ဂိုးဖြင့် အသီးသီး နိုင်ပွဲရရှိခဲ့ကြသည်။ **အောင်ဇော်**

သစ်ပင်နည်းလာ၊ တို့ကမ္ဘာ လွန်စွာပူအေး၊ ဥတုဘေး



## စဉ့်ကိုင်မြို့နယ် ဆင်းရွှေကြာ -၂ မျိုးစေ့ထုတ် သုံးဧက စံပြကွက်စိုက်ပျိုး

**စဉ့်ကိုင် ဖေဖော်ဝါရီ ၉**
မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် အုန်းပင်ခြံကျေးရွာရှိ တောင်သူဦးတွတ်၏ ဆောင်းနေကြာ (ဆင်းရွှေကြာ-၂) မျိုးစေ့ထုတ် သုံးဧက စံပြကွက် စိုက်ပျိုးထားရှိမှုအခြေအနေကို ဖေဖော်ဝါရီ ၆ ရက်က တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုး ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးရေးဌာန ဦးစီးမှူး ဦးဝင်းထိန်က တိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံများ စိုက်ပျိုးထားရှိမှုနှင့် ထွက်ရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသော တောင်သူများက မိမိတို့၏ အခက်အခဲများကို တင်ပြရာ တိုင်းဒေသကြီးဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး ဆောင်းနေကြာ စံပြကွက်စိုက်ခင်းအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်စွာ (စဉ့်ကိုင်)**

## အင်္ဂပူမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး သင်ကြားပို့ချ


**အင်္ဂပူ ဖေဖော်ဝါရီ ၉**
ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးနှင့် အမှတ်ပေးစည်းမျဉ်းနှင့်အညီ ဖြေဆိုနိုင်စေရေးအတွက် ပုသိမ်တက္ကသိုလ်မှ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများက ဘာသာရပ်အလိုက် သင်ကြားပို့ချခြင်းကို ဖေဖော်ဝါရီ ၆ ရက်က အထက(အင်္ဂပူ) ငုရွှေဝါခန်းမနှင့် ပြည်သူ့အားကစားခန်းမ၌ ဆောင်ရွက်သည်။



ဘာသာရပ်အလိုက် သင်ကြားပို့ချရာတွင် ပုသိမ်တက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာကျော်မင်းသမိုင်းဌာန ဦးဆောင်သော ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများပါဝင်သည့် ဆရာ ဆရာမများနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုခိုင်တို့ ပူးပေါင်း၍ အင်္ဂပူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းတို့မှ Grade -12 ကျောင်းသား ကျောင်းသူ ၁၁၀၀ ခန့်အား ဘာသာရပ်အလိုက် သင်ကြားပို့ချခဲ့သည်။

အဆိုပါ သင်ကြားပို့ချနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## (၁၇) ကြိမ်မြောက် ဓမ္မာစရိယစာဝါသင်တန်း သာသနပါလ ဓမ္မာစရိယစာမေးပွဲကျင်းပ

**သထုံ ဖေဖော်ဝါရီ ၉**
မွန်ပြည်နယ် သထုံမြို့နယ်၌ ဂိုဏ်းပေါင်းစုံ ဆရာတော်ကြီးများ ဦးဆောင်ဖွဲ့စည်းထားသော သာသနပါလ သဟပုညကာရီအဖွဲ့၏ (၁၇) ကြိမ်မြောက် ဓမ္မာစရိယစာဝါသင်တန်း သာသနပါလဓမ္မာစရိယစာမေးပွဲ ပထမနေ့ကို ဖေဖော်ဝါရီ ၆ ရက်က အောက်ကျင်းရပ်ကွက် ဗူးဘုရားစေတီ ပရိဝုဏ်အတွင်းရှိ သန္တိသုခဗိမာန်တော်၌ ကျင်းပသည်။

စာမေးပွဲဖြေဆိုရာတွင် သထုံမြို့နယ်အတွင်းရှိ သံဃာတော်နှင့် သီလရှင် စုစုပေါင်း ၉၁ ပါးတို့က ပထမနေ့ ပါရာဇိကဏ္ဍပါဠိတော် အဋ္ဌကထာကျမ်းကို ဝင်ရောက်ဖြေဆိုတော်မူကြသည်။

အဆိုပါ စာမေးပွဲကို ဖေဖော်ဝါရီ ၆ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ညောင်တုန်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေး

**ညောင်တုန်း ဖေဖော်ဝါရီ ၉**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၇ ရက်က အမှတ်(၃) ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်က ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာနှင့် ပတ်သက်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေ၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဝင် ရဲမှူးစိုးဝင်းက ပြည်သူ့စစ်မှုထမ်း ဥပဒေ၊ နည်းဥပဒေဆိုင်ရာ ဆောင်ရွက်ပုံအဆင့်ဆင့်ကို ဆွေးနွေးပြောကြားသည်။ ထို့နောက် မြို့နယ်စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးချစ်ဦးမောင်က စစ်မှုထမ်းရမည့် အသက်အရွယ်အပိုင်းအခြား၊ စစ်မှုထမ်းဆောင်ရမည့် ကာလ၊ စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့် ရမည့်သူများ၊ ပြည်သူ့စစ်မှု ထမ်းဆောင်ခြင်းမှ ယာယီရွှေ့ဆိုင်းခွင့် ရနိုင်သူများ စသည့် အကြောင်းအရာများနှင့် ပြည်သူ့စစ်မှုထမ်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကာ ပြည်သူ့စစ်မှုထမ်း ဥပဒေ၊ နည်းဥပဒေဆိုင်ရာ ဆောင်ရွက်ပုံအဆင့်ဆင့် ဗီဒီယိုကိုပြသပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

## လှိုင်မြို့နယ် အထက(ဒါးပိန်)၌ လူငယ်စကားဝိုင်းကျင်းပ

**လှိုင် ဖေဖော်ဝါရီ ၉**
ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ဒါးပိန်)၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူငယ်ရေးရာကော်မတီနှင့်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကာ အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်းကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးခင်ဇော်က အမှာစကားပြောကြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဥမ္မာလင်းက လူငယ်နှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်မင်းဟန်နှင့် အထက(ဒါးပိန်) မှ အထက်တန်းပြဆရာမ ဒေါ်ထက်ဖြူလွင်တို့က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်၍ ကျောင်းသား ကျောင်းသူများက ဦးဆောင်ဆွေးနွေးခဲ့သည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းဆွေးနွေးမှုများကို ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဘီးလင်းမြို့ အထက (ကင်းရွာ)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**ဘီးလင်း ဖေဖော်ဝါရီ ၉**
ဘီးလင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်စကားဝိုင်းကို ဖေဖော်ဝါရီ ၆ ရက်က အထက(ကင်းရွာ)၌ ကျင်းပသည်။

အခမ်းအနားတွင် အထက (ကင်းရွာ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သူဇာက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးက လူငယ်စကားဝိုင်းများ ဆောင်ရွက်ပေးရခြင်းအကြောင်း ဆွေးနွေးသည်။ ဆက်လက်၍ စကားဝိုင်းကိုကျင်းပရာ အထက (ကင်းရွာ) မှ ကျောင်းသား ကျောင်းသူများက ဦးဆောင်ဆွေးနွေးခဲ့ရာ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးဖြေကြားခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**



## အရပ်ရပ်ဆိုင်ရာ လုပ်ငန်းလိုင်စင်များ လေလံတင် ရောင်းချပွဲကျင်းပ

**ရပ်စောက် ဖေဖော်ဝါရီ ၉**
ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်နှင့် အင်တောမြို့နယ်ခွဲ စည်ပင်သာယာရေးဌာနတို့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေးလိုင်စင် ၂၉ ခုနှင့် သားသတ်လိုင်စင် ၂၂ ခုတို့၏ လုပ်ကိုင်ခွင့်များကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်က ရဿဝတီခန်းမ၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးသက်အောင်က အမှာစကားပြောကြားသည်။



ထို့နောက် ရပ်စောက်မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်က စည်းမျဉ်းစည်းကမ်းများ၊ ဈေးပြိုင်စနစ်ဖြင့် စိစစ်ရောင်းချခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါလေလံပွဲတွင် ရပ်စောက်မြို့နယ်နှင့် အင်တောမြို့နယ်ခွဲ စည်ပင်သာယာရေးဌာနတို့၏ အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင် ၂၇ ခုနှင့် သားသတ်လိုင်စင် ၂၂ ခုတို့ကို လေလံတင်ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀)
ပုသိမ်ကြီးမြို့နယ်တရားရုံးတော်
၂၀၂၄–ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၄

ရောဝတီဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် မန္တလေးဘဏ်ခွဲ(၂၂) (၎င်း၏ကိုယ်စား ဒုတိယမန်နေဂျာ ဒေါ်အိအိငယ်) (တရားလို) နှင့် ၁။ ဒေါ်မေဖြိုးယဥ်ဝင်း ၂။ ဒေါ်နော်ဆဲဂေဖော (တရားပြိုင်များ)

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာ၊ အကွက်အမှတ် (၄၉၆)နေ ဒေါ်မေဖြိုးယဥ်ဝင်းနှင့် ဒေါ်နော်ဆဲဂေဖော (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလို ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ မန္တလေးဘဏ်ခွဲ (၂၂) (၎င်း၏ကိုယ်စား ဒုတိယမန်နေဂျာ ဒေါ်အိအိငယ်)က "Auto Loan ချေးငွေ၊ အရင်း၊ အတိုး၊ ဒဏ်ကြေး စုစုပေါင်း ငွေကျပ် (၄၅၅၇၄၉၆၁.၂၂)ရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဥ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၁၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူများ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်တို့ မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေး ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုစုထက်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပုသိမ်ကြီးမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ် ၅၈၉–က၊ ဦးပိုင်အမှတ် ခ–၁၁/မေဇင်သိန်းလမ်းမြောက်ဘက်၊ ရန်အောင်မြင်လမ်းနှင့် ဝိဇ္ဇာလမ်းကြားရှိ ဒု–ဗိုလ်မှူးကြီးမင်းညို အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးအေးဝင်းမောင်က တရားပြိုင် ဦးမင်းညိုအပေါ် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၅၀/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးအေးဝင်းမောင် ၉/အမရ(နိုင်)၀၈၄၇၀၅က မြေချထားမိန့်မူရင်းမှာ လက်ဝယ်တွင် အထားအသိုမှားယွင်းပြီး ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ ကံသာ ၁လမ်းနေ(ဘ)ဦးတင်မြ ၁၂/အစန(နိုင်) ၀၂၀၅၇၀(အမိ) ဒေါ်ဌေးဌေး ၁၂/အစန(နိုင်)၀၂၀၈၉၃တို့၏သမီး မဇင်မာဆွေ ၁၂/အစန(နိုင်)၂၁၆၀၁၅သည် မိဘနှစ်ပါး ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **(ဦးတင်မြ)–ဒေါ်ဌေးဌေး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 25W/59397 ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းစိန် ၃/ဖပန(နိုင်)၀၁၆၅၅၈ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၂၂၁၀၇, TVS Apache 200 ယာဉ်လက်ဝယ်ရှိသူ Moon Princess Co.,Ltd. က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

( တရားမကျင့်ထုံးဥပဒေမိန့် –၅ ၊ နည်းဥပဒေ – ၂၀ )
ကျောက်ဆည်မြို့နယ်တရားရုံးတော်၌
၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂

ဒေါ်ရတနာလှိုင် **တရားလို** နှင့် ဦးသိန်းဇံ **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်နေ ဦးသိန်းဇံ (ဘ) ဦးဂေါလီ S/OKA – ၀၄၈၉၀၇ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ရတနာလှိုင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဥ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလကွယ် (၁၄)ရက် မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၅)ရက်တွင် ဤရုံးတော်၏တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သွယ်ဇင်မြင့်မောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**ကျောက်ဆည်မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ တန့်ယန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၅)ဝိန်လောင်း တိုးချဲ့ကွက်သစ်၊ ဦးပိုင်အမှတ်(၁၃၁)ရှိ ဂရန်မြေကွက်မှာ ဒေါ်ချိုချို အမည်ပေါက်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေ ကွက်အား ဒေါ်ချိုချိုထံမှ ဦးအိုက်ကိုရီက (၁၉၉၃)ခုနှစ်တွင် ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ထားပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများအားလုံးမှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသည်။

ထို့ကြောင့် ဂရန်မြေကွက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းမူရင်းများအားလုံး ပျောက်ဆုံးသွားပါသဖြင့် မူရင်းခွဲလျှောက်ထားပြီး၊ အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါ၍ ၎င်းဂရန်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက၊ ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာချုပ်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက မူရင်းခွဲအမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

**ဦးအိုက်ကိုရီ ၏လွှဲအပ်ချက်အရ–**
**ဦးအောင်ဝင်းသူ (LL.B, D.B.L., D.I.L, D.I.R, D.P.S WIPO**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၅၁၆)**
**တောင်ငူလမ်း၊ ရန်ကင်းသာယာရပ်ကွက်၊ ပုသိမ်ကြီးမြို့၊**
**ဖုန်း–၀၉–၂၅၉၉၀၁၁၀၁**

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ တန့်ယန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၅)ဝိန်လောင်း တိုးချဲ့ကွက်သစ်၊ ဦးပိုင်အမှတ် (၁၂၅+၁၂၆)ရှိ ဂရန်မြေကွက် နှင့် မြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်များသည် ဦးအိုက်ကိုရီ အမည်ပေါက် မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများအားလုံးမှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသည်။

ထို့ကြောင့် ဂရန်မြေကွက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းမူရင်းများအားလုံး ပျောက်ဆုံးသွားပါသဖြင့် မူရင်းခွဲ လျှောက်ထားမည်ဖြစ်ပါ၍ ၎င်းဂရန်မြေကွက်နှင့် ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာချုပ်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက မူရင်းခွဲလျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

**ဦးအိုက်ကိုရီ ၏လွှဲအပ်ချက်အရ–**
**ဦးအောင်ဝင်းသူ (LL.B, D.B.L., D.I.L, D.I.R, D.P.S WIPO)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၅၁၆)**
**တောင်ငူလမ်း၊ ရန်ကင်းသာယာရပ်ကွက်၊ ပုသိမ်ကြီးမြို့၊**
**ဖုန်း–၀၉–၂၅၉၉၀၁၁၀၁**

# "ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၆၀၉)နေ ဒေါ်ဥမ္မာဝင်း (၁၂/လမတ(နိုင်)၀၀၈၈၆၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။



အထက်တွင် ဖော်ပြပါရှိသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၁၈–၁–၂၀၀၂)ရက်တွင် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန်အတွက် မှတ်ပုံတင်သွင်းကြေညာထားခဲ့ပါသည်။ အဆိုပါမှတ်ပုံတင်သွင်း စာချုပ်အမှတ်(၄၂၃/၂၀၀၂)ဖြင့် အထက်ပါကုန်အမှတ်တံဆိပ်ဖြင့်ပင် လူသုံးကုန်၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ နေအိမ်သုံး၊ စက်ရုံးသုံးပလတ်စတစ်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကောင်းသောဂုဏ်သတင်းဖြင့် လက်လီလက်ကားဖြန့်ဖြူးရောင်းချလျက်ရှိနေပါသည်။

အထက်ပါကုန်အမှတ်တံဆိပ်ဖြင့် ပလတ်စတစ်လုပ်ငန်းလုပ်ကိုင်ခဲ့သည့် သက်တမ်းတစ်လျှောက် မိမိတို့၏ကြိုးစားမှု၊ ရိုးသားဖြောင့်မတ်မှုတို့ကြောင့် ကုန်သည်မှုနယ်ပယ်တွင် ကောင်းသောဂုဏ်သတင်းဖြင့် အစဉ်တစိုက်ရောင်းချခဲ့သော ပစ္စည်းဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ဖြင့် ပြုလုပ်သော ပလတ်စတစ်ပစ္စည်းများနှင့်ပတ်သက်၍ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မော်လမြိုင်မြို့နှင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးအနှံ့အပြား ဆင်တူယိုးမှားပြုလုပ်၍ လက်လီ၊ လက္ကား တုပဖြန့်ဖြူးရောင်းချနေခြင်းတို့ကို အထောက်အထားများနှင့်တကွ တွေ့ရှိထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကိုအသုံးပြု၍(ဥပဒေနှင့်မညီ) ဖြန့်ဖြူး ရောင်းချနေခြင်းနှင့် တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်ပေးသော ဝန်ဆောင်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်လိုင်း အမျိုးမျိုး၊ ကားဂိတ်များအား ဆက်လက်လုပ်ဆောင်ခြင်းမပြုရန် အတိအလင်းတားမြစ်၍ လူကြီးမင်းတို့ ဈေးကွက်အတွင်း ရောင်းချနေမှုအား ရပ်တန့်ရန် ကျွန်ုပ်တို့မိတ်ဆွေ၏ ကိုယ်စား ကျွန်ုပ်တို့မှ တောင်းဆိုလိုက်သည်။

အထက်ပါကိစ္စရပ်နှင့်ပတ်သက်၍ တားမြစ်ချက်အား လိုက်နာဆောင်ရွက်ခြင်းမပြုဘဲ ဆက်လက်ကျူးလွန်ခဲ့သည်ကို တွေ့ရှိခဲ့ပါက ကျွန်ုပ်တို့မိတ်ဆွေ၏ အခွင့်အရေးအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တည်ဆဲဥပဒေများနှင့်အညီ တရားရုံးတော်များတွင် ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် တရားတထုံးစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ဆောင်ရွက်ရာတွင် ကုန်ကျမှုစရိတ်အဝဝနှင့် ကျွန်ုပ်တို့မိတ်ဆွေ၏ နစ်နာမှုအားလုံးတို့အတွက် အထွေထွေနစ်နာကြေး၊ အထူးလျော်ကြေးတို့အပါအဝင် တရားမနစ်နာမှုအတွက် ရထိုက်သော အခွင့်အရေးတို့အား လုပ်ဆောင်သူအပေါ်၌ တာဝန်ထားရှိမည်ဖြစ်ကြောင်း ကျူးလွန်သူများနှင့်တကွ အများသိစေရန် အသိပေးကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည် (LL.B)** | **ဒေါ်စုစုလှိုင် (LL.B)** | **ဒေါ်ချန်ပေါင်လူး (LL.B)** |
| **(စဉ်–၁၁၄၀၆)** | **(စဉ်–၅၅၅၆၃)** | **(စဉ်–၅၆၄၉၈)** |

**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်သန်းဌေး(ခ) ဒေါ်သန်းသန်းဌေး (LL.B)**
**(စဉ်–၅၆၆၆၂)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငရပ်ကွက်၊ အကွက်အမှတ် ညည–၇၊ ဦးပိုင်အမှတ် ၇၄/၆၀x၆၁ကြား၊ မင်းရဲကျော်စွာ xဗထူးလမ်းကြားရှိ ဒုတကစံလွင် အမည်ပေါက်တောဂရန်မြေကွက်အား တရားလို ဦးအောင်ချစ်က တရားပြိုင် ဒုတက စံလွင်(၎င်း၏ SPရရှိသူ ဒေါ်ရှန်ကျီ)အပေါ် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှု အမှတ်(၁၄၂/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးအောင်ချစ် ၉/မဟမ(နိုင်)၀၀၈၄၅၈က မြေကွက်၏ မြေချမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်းတို့မှာ အသိမ်းလွန်၍ ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2P/9760 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/2840, Honda Wave–100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်စိုး ၁၄/ကလန(နိုင်)၁၄၉၁၈၂ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/54023, Turbo Star–125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးသိန်း ၁၄/ဘကလ(နိုင်)၂၂၄၉၀၈ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4S/8640, Dong Feng Kols, Pick Up (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကူနာလ်ကူးမာရ် ကေဒီးယာ(ခ)ဝင်းမြတ်အောင် ၉/ခအဇ(နိုင်)၀၃၅၈၁၁ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/46630, Yamaha 150 FZS ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာကြည် ၉/မရတ(နိုင်)၁၁၀၉၉၄ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/51375, Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9Q/3260, TOYOTA RUSH, STATION WAGON ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းဝင်း ၁၂/သကတ(နိုင်)၀၂၀၃၄၉ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/20784, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော်ဦး ၅/ကလထ(နိုင်)၁၉၂၂၀၄ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကလေးမြို့)**




*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**( တရားမကျင့်ထုံးဥပဒေအမိန့်၂၁၊ နည်းဥပဒေ၂၂ )**

**ဘားအံခရိုင်တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၂၀ နှင့်ဆက်နွှယ်သည့်**

**၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ်– ၁၀**

မစုသီရိထွန်း နှင့် ၁။ ဦးကျော်စိုးဝင်း
၂။ မနီစိုး

**(ဒီကရီအနိုင်ရသူ)** **(တရားရှုံးများ)**

(၁)တရားရှုံး ဦးကျော်စိုးဝင်းနှင့် (၂)တရားရှုံး မနီစိုး၊ အမှတ်(၄/၂၈၈)၊ သုခလမ်း၊ အမှတ်(၄)ရပ်ကွက်၊ ဘားအံမြို့ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်– ၂၀တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်(၁၃၈၆ခုနှစ်၊ တပို့တွဲလဆန်း ၇ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သက်သက်ဦး)
ခရိုင်တရားသူကြီး
ဘားအံခရိုင်တရားရုံး

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/3409 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွှေသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၅၅၃၅၉, Honda click–125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နွယ်ဝင်း ၉/ပသက(နိုင်)၁၂၈၈၃၆ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/33137, Shayan–125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမိုးကြည် ၉/ခမစ(နိုင်)၀၁၆၆၆၂၈က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 56W/16472 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(RAII/ကွက်ပြင်ရပ်)၊ ဦးပိုင်အမှတ် (၁၄၂–က)၊ မြေဧရိယာ(၀.၄၀)ဧက(လက်ရှိမြေပေါ်ရှိအတိုင်းအတာ)မြေနှင့်နေအိမ်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးညဏ်လင်းအောင် ၉/ခအဇ(နိုင်)၀၅၁၈၄၃ထံမှ ဦးအောင်ဇာဝင်း ၅/ရဘန(နိုင်) ၁၃၃၇၈၃က ( အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ဇာဝင်း** **ဦးနေမျိုးဇော်(LL.B,D.B.L)**
**၅/ရဘန(နိုင်) ၁၃၃၇၈၃** **တရားလွှတ်တော်ရှေ့နေ**
**ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ပြင်ဦးလွင်မြို့**

## အများသိရှိစေရန်ကြေညာခြင်း

မြင်းခြံမြို့၊ အမှတ်(၁၈)ရပ်ကွက်၊ အပိုင်း(၅)အတွင်းရှိ ကွင်း/အကွက်အမှတ်(၂၃၃/က)၊ ချောင်းဒေါင်း(တ)၊ ဦးပိုင်အမှတ်(၈၀၄)၊ မြို့မြေ၊ ဧရိယာ(၀.၀၀၈)ဧကေ အကျယ်အဝန်းရှိ ဝိုင်းမြေကွက်တစ်ကွက်လုံး၏ အနောက်ဘက်ပိုင်းအရှေ့လားသော် –ဦးပိုင်အမှတ်(၈၀၄)ကျန်အစိတ်အပိုင်း၊ အနောက်လားသော်–ဦးပိုင်အမှတ်(၈၀၃)၊ တောင်လားသော်–လမ်း၊ မြောက်လားသော်–ဦးပိုင်အမှတ်(၇၉၄)၊ ယင်းနယ်လေးရပ်အတွင်းရှိ အရှေ့အနောက်(၂၅)ပေ၊ တောင်မြောက်(၇၀)ပေရှိ ဦးသာအောင်အမည်ပေါက် ဝိုင်းမြေကွက်အစိတ်အပိုင်းအား လွှန်ခဲ့သော(၁၉–၁၁–၂၀၁၆)ရက်နေ့က ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော မြင်းခြံမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးဝေဖြိုးထွန်း(၉/ခအဇ(နိုင်)၀၀၁၂၅၉)–ဒေါ်ဇာခြည်ဝင်း ၉/နထက(နိုင်)၁၂၈၆၀၂တို့သည် မြင်းခြံမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးအောင်ကျော်မြင့် ၉/မခန(နိုင်)၁၈၄၁၁၄ထံမှ "နှစ်ဦးသဘောတူ ဝိုင်းမြေကွက် အပြီးအပိုင်လွှဲပြောင်းရောင်းချခြင်းကတိစာချုပ်" ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့သော ဝိုင်းမြေကွက်ဖြစ်ပါသည်။

ယခုအခါ အဆိုပါ (၁၉–၁၁–၂၀၁၆)ရက်စွဲပါ "နှစ်ဦးသဘောတူ ဝိုင်းမြေကွက် အပြီးအပိုင်လွှဲပြောင်းရောင်းချခြင်းကတိစာချုပ်" မူရင်းမှာ ပျောက်ဆုံးသွားခဲ့ပါသည်။ အဆိုပါဝိုင်းမြေကွက်မှာ ယနေ့အချိန်အထိ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးဝေဖြိုးထွန်း–ဒေါ်ဇာခြည်ဝင်းတို့ လက်ရှိပိုင်ဆိုင်သော ဝိုင်းမြေကွက်ဖြစ်သည်မှာမှန်ကန်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ **ဦးဝေဖြိုးထွန်း–ဒေါ်ဇာခြည်ဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးကျော်ဆန်းလင်း(LL.B) (Advocate)တရားလွှတ်တော်ရှေ့နေ**
**စဉ်–၉၁၉၀(၂၅–၇–၂၀၁၃)**
**အမှတ်(၁၆)ရပ်ကွက်၊ စံပြဈေးအရှေ့ဘက်၊ လင်းလက်ဘော်ဒါဆောင်၊ ဘဏ်လမ်း၊ မြင်းခြံမြို့၊ ဖုန်း–၀၉–၄၀၀၄၂၁၃၆၊၀၉–၄၀၀၈၉၈၁၂၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ–၁၄၊ ဦးပိုင်အမှတ် ၁၄ခဲစင်းနောက်ခြမ်း၊ ၅၁x၅၂ကြား၊ ၁၁၄x ၁၁၅ လမ်းကြားရှိ ဦးတင်မောင်အမည်ပေါက် တောဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၁၀၉၅/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်ဝေဝေရီ ၉/မနမ(နိုင်)၀၁၃၀၃၁၊ ဒေါ်ကြွေကြွေရီ ၉/မနမ(နိုင်) ၀၁၂၈၇၁တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၀၃၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နော်ခူဆရီးဝါး ၁၄/ပသန(နိုင်) ၁၇၁၅၅၃က တောဂရန်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/74047, Canda 110 M/C ယာဉ်လက် ဝယ်ရှိသူ ဦးအောင်မြင့်ဝင်း ၇/ပမန(နိုင်)၁၁၃၂၄၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/62639, Zeniz(ADX5)125 ယာဉ်လက်ဝယ်ရှိသူ Nylon Co.,Ltd.က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/79391, Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒီချစ်စု ၉/ခအဇ(နိုင်) ၀၄၃၄၅၀ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

